# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၇)၊ အမှတ် (၃၃၅)


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)

# ထာဝရငြိမ်းချမ်းရေးစေတီတော် အလယ်ဌာပနာတော်သွင်း၊ အတွင်းစေတီတော်နှင့် ပုံတော်ပွားစေတီတို့အား ရွှေစင်ရွှေသား ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညို

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ထာဝရငြိမ်းချမ်းရေးစေတီတော် အလယ်ဌာပနာတော်တိုက်တွင် သွင်းလှူပူဇော်မည့် ခက်မငါးဖြာနှင့် ပြည့်စုံသော ရတနာငွေဗောဓိပင်တော်၊ ဝါစိမ်းနီပြာ ရတနာကျောက်မျက်များ စီခြယ်ထားသော ရွှေကြာငါးခိုင်၊ ရတနာရွှေအိုး၊ ဓာတ်တော်ရွှေကြုတ်တို့ကို ကြည်ညိုပူဇော်စဉ်။ သတင်းစဉ်

**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး၌ တည်ထားပူဇော်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော် အလယ်ဌာပနာတော်သွင်း၊ အတွင်းစေတီတော်နှင့် ပုံတော်ပွားစေတီတော်တို့အား ရွှေစင်ရွှေသား ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညို၍ အလယ်ဌာပနာတော်များ သွင်းလှူပူဇော်ကြပြီး ရွှေထီးတော်များ တင်လှူပူဇော်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရ အမှူးပြုသော စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်ထောင်စုဝန်ကြီးများ၊ *စာမျက်နှာ ၃ ကော်လံ ၁* ❑

# ရခိုင်ပြည်နယ် ပြဿနာ၏ ရေရှည်တည်တံ့မည့်အဖြေ

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်သော နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်သည် ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ပျက်ပြားစေခဲ့သော ပြဿနာများအတွက် ရေရှည်တည်တံ့မည့် အဖြေရှာဖွေရန်ဖြစ်ပါသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ကွယ်လွန်သွားပြီဖြစ်သော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာ ကိုဖီအာနန်ကဲ့သို့ မျှတပြီး အကောင်းမြင် အပြုသဘောဆောင်သော ပံ့ပိုးကူညီမှုနှင့် ထောက်ခံအားပေးမှုတို့ကိုသာ ပြုလုပ်မည်ဆိုပါက နိုင်ငံတော်အစိုးရ၏ ဤရည်မှန်းချက်ကို လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် ဒေါက်တာ ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက် (၈၈) ချက်အနက် (၈၁) ချက်ကို အကောင်အထည်ဖော်ပြီး ဖြစ်ပါသည်။ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် နိုင်ငံတော်အစိုးရသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိမ်နီးချင်းကောင်းပီသစွာ စေ့စပ်ညှိနှိုင်းလျက် နှစ်နိုင်ငံသဘောတူညီချက်၌ သတ်မှတ်ထားသည့်အတိုင်း ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် စိစစ်ပြီးသူများအား ပထမအသုတ် ပြန်လည်လက်ခံရန်အဆင်သင့် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော်အစိုးရသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့နှင့်လည်း နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ နေရပ်စွန့်ခွာသူများကို ပြန်လည်နေရာချထားပေးမည့်နေရာများအနက် ပထမအဆင့်အတွက် ကျေးရွာ ၂၃ ရွာအား ကုလသမဂ္ဂမှ တာဝန်ရှိပုဂ္ဂိုလ်များ သွားရောက်လေ့လာနိုင်ရန် ဩဂုတ်လ ၇ ရက်ကတည်းက ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အရေး ဖြေရှင်းရာ၌ နိုင်ငံတော်အစိုးရသည် ကုလသမဂ္ဂ၏ အရေးပါသောအခန်းကဏ္ဍကို အသိအမှတ်ပြုသကဲ့သို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အဖြစ် သံအမတ်ကြီး မစ္စခရစ်စတင်း ရှရန်နာဘာဂန်နာအား ခန့်အပ်မှုကိုလည်း ကြိုဆိုလက်ခံခဲ့ပါသည်။ မည်သည့်လူ့အခွင့်အရေးချိုးဖောက်မှုကိုမျှ လက်ခံခွင့်လွှတ်ပေးမည်မဟုတ်ကြောင်းအား နိုင်ငံတော်အစိုးရက ရှင်းလင်းပြတ်သားစွာ ပြောဆိုပြီးဖြစ်သကဲ့သို့ ဝါရင့်သံအမတ်ကြီး မစ္စရိုဆာရီယိုမယ်နာလို ဦးဆောင်သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီးလည်း ဖြစ်ပါသည်။ ဤအချက်တို့ကို ကြည့်ရှုမှုဖြင့် နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်၏ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ပျက်ပြားစေခဲ့သော ပြဿနာတို့အတွက် ရေရှည်တည်တံ့မည့် အဖြေအား ကြိုးပမ်းရှာဖွေနေသည်မှာ ပေါ်လွင်ထင်ရှားပြီး ဖြစ်ပါသည်။

သို့သော် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၉ ရက် အကြမ်းဖက်တိုက်ခိုက်မှု၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှုတို့ကို လေ့လာသုံးသပ်ပါက အာဆာအကြမ်းဖက်အဖွဲ့သည် ပြည်ပအကြမ်းဖက်အဖွဲ့များ၏ အထောက်အပံ့ဖြင့် သေချာစွာအကွက်ချ စီစဉ်ဆောင်ရွက်ခဲ့သည်မှာ လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားနေပါသည်။ တစ်ဖန် အာဆာအကြမ်းဖက်အဖွဲ့သည် မွတ်စလင်မဟုတ်သော တိုင်းရင်းသား ၂၅၀ ကျော် အပါအဝင် ဟိန္ဒူဘာသာဝင် ၁၀၀ ခန့်ကိုလည်း ရက်စက်စွာသတ်ဖြတ်ခဲ့ပါသည်။ ဤမျှသောရက်စက်ကြမ်းကြုတ်မှုများကို ဖန်တီးထားပါလျက် ရခိုင်ပြည်နယ်ရှိ လူသားချင်းစာနာမှုဆိုင်ရာ ပြဿနာများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ဖန်တီးခဲ့လေဟန် အာဆာ အကြမ်းဖက်အဖွဲ့က သေချာစွာ တွက်ချက်သွေးထိုးလှုံ့ဆော် ဖန်တီးခဲ့ပြန်ပါသည်။ အဆိုပါ သွေးထိုးလှုံ့ဆော်မှုတို့၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်အစိုးရအပေါ် ဖြစ်နိုင်သမျှ အပြင်းထန်ဆုံး နိုင်ငံတကာဖိအားများ ကျရောက်စေရန် ဖြစ်ပါသည်။ တစ်နည်းဆိုသော် အာဆာအကြမ်းဖက်အဖွဲ့ အပါအဝင် နိုင်ငံတကာ အဖျက်အမှောင့်အင်အားစုတို့က ၎င်းတို့၏ ကိုယ်ကျိုးစီးပွားနှင့် နိုင်ငံရေးအကျိုးအမြတ်အတွက် ရခိုင်ပြည်နယ်ရှိ အပြစ်မဲ့ပြည်သူတို့အပေါ် အမြတ်ထုတ်လိုက်ခြင်းသာ ဖြစ်ပါသည်။ ဤသို့သော အမြတ်ထုတ်မှုတို့သည် ရခိုင်ပြည်နယ်၏ ပြဿနာတို့ကို ဆိုးသထက်ဆိုးစေမည်သာ ဖြစ်ပါသည်။ အမှန်တကယ်ဆောင်ရွက်ရမည်မှာ မှန်ကန်သောအချက်အလက်များအပေါ် အပြည့်အဝနားလည်မှုဖြင့် အမြင်ကျယ်ကျယ် ရှုမြင်သုံးသပ်ပြီး အရေးကြီးသော မူဝါဒများကို ဆုံးဖြတ်ချမှတ်ခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်မှသာ ရခိုင်ပြည်နယ်ပြဿနာအတွက် ရေရှည်တည်တံ့သော အဖြေတစ်ရပ်ကို ရရှိမည်ဖြစ်ပါကြောင်း ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း၏ ရှင်းလင်းတင်ပြချက်တို့အပေါ် လေးစားစွာ ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ
(အင်းစိန်မြို့)
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၆/၇) ရက် (ကြာသပတေး၊ သောကြာ) နေ့များတွင် နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
အ.ထ.က (၁) အင်းစိန်မြို့။

## မော်လမြိုင်ကျွန်းတွင် ဆိုလာဖြင့် မီးလင်းရေးဆောင်ရွက်

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာများတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၃ ရွာတို့တွင် ဆိုလာမီးဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၁ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ (၂) ဦးခန့်ဇင်နှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ကျေးလက်မီးလင်းရေးကော်မတီဝင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ် စစ္စလီတုံးကျေးရွာတွင် အိမ်ခြေ ၇၀ နှင့် စာသင်ကျောင်း၊ ဘာသာရေးကျောင်းတစ်ကျောင်းတို့တွင် ဆိုလာမီးတပ်ဆင်ထွန်းညှိခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြင့်အောင်(မော်ကျွန်း)**

## နည်းပညာတက္ကသိုလ်(သန်လျင်)ရေနံအင်ဂျင်နီယာဌာနကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ လွှဲပြောင်းပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁**

နည်းပညာတက္ကသိုလ်(သန်လျင်) ရေနံအင်ဂျင်နီယာဌာန အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းများ ပြီးစီးမှုနှင့် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ နည်းပညာတက္ကသိုလ် (သန်လျင်) ရေနံအင်ဂျင်နီယာဌာန၌ ကျင်းပသည်။ ရှေးဦးစွာ Petroleum Chapter Working Group (PCWG)

မှ နာယကပါမောက္ခ ဒေါက်တာစိန်မြင့်က အမှာစကားပြောကြားပြီး ရေနံအင်ဂျင်နီယာဌာန အဆင့်မြှင့်တင် ပြီးစီးမှုများကို နည်းပညာတက္ကသိုလ်(သန်လျင်)ပါမောက္ခချုပ် ဒေါက်တာ သိင်္ဂီထံသို့ လွှဲပြောင်းပေးအပ်ပြီး ပါမောက္ခချုပ်နှင့် ရေနံအင်ဂျင်နီယာဌာန ဌာနမှူးပါမောက္ခ ဒေါက်တာဇော်မင်းဦးတို့က အမှတ်တရပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပါမောက္ခဒေါက်တာစိန်မြင့်နှင့် ပါမောက္ခ ဒေါက်တာဇော်မင်းဦးတို့က ငွေကြေးနှင့် သင်ထောက်ကူပစ္စည်း အလှူရှင်များ၊ ကျောင်းသားဟောင်းများနှင့် တစ်ဦးချင်း အလှူရှင်များကို ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ပြီး PCWG မှ နာယက ဦးသန်းဝင်းက ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါ PCWG မှ ကြီးမှူး၍ ရေနံအင်ဂျင်နီယာ ကျောင်းသားဟောင်းများ စုပေါင်းထည့်ဝင်ငွေဖြင့် နည်းပညာတက္ကသိုလ် (သန်လျင်) ရေနံအင်ဂျင်နီယာဌာနကို အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း လုပ်ငန်းများအနေဖြင့် စာကြည့်တိုက်နှင့် စာဖတ်ခန်းများ ထူထောင်ခြင်း၊ လက်တွေ့ခန်းများ အဆင့်မြှင့်တင်ခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်စွက်ခြင်း၊ စာသင်ခန်းများကို ခေတ်မီသင်ကြားရေးစနစ်နှင့် အညီ အဆင့်မြှင့်တင်ခြင်းနှင့်ဌာနကို အဆင့်မီစွာပြင်ဆင်မွမ်းမံခြင်းတို့ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## ငှက်ဖျားပြန့်ပွားမှုရပ်တန့်ရေး Clariant နှင့် Save the Children တို့ ပူးပေါင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာနိုင်ငံ၏အမျိုးသားအဆင့် ငှက်ဖျားမဟာဗျူဟာစီမံကိန်းတွင် မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တွင် လူထုအခြေပြု ငှက်ဖျားရောဂါတိုက်ဖျက်ရေး၊ ထိန်းချုပ်ရေးနှင့် လျှော့ချရေးဆိုင်ရာစီမံကိန်းများကို ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းအထိ ကူညီပံ့ပိုးရန် Clariant Foundation မှ CHF (ဆွစ်ဇာလန်ငွေ) ၁၅၀၀၀၀ ကို Save the Children ကို ကတိကဝတ်ဖြင့် လူပေါင်း ၃၇၀၀၀ ကျော်အား ကူညီနိုင်ရန် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ကြောင်း ယမန်နေ့က ရန်ကုန်မြို့ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းထောင့်ရှိ ဦးဝိစာရပလာဇာတွင်ရှိသော Save the Children ရုံးမှ သိရသည်။

မြန်မာနိုင်ငံရှိ ငှက်ဖျားရောဂါပြန့်ပွားမှု ရပ်တန့်စေရန် အကူအညီပေးရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး Clariant Foundation က ငှက်ဖျားကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွက် CHF (ဆွစ်ဇာလန်ငွေ) ၁၅၀၀၀၀ ကို ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့တွင် ပံ့ပိုးကူညီနိုင်ရန် Save the Children နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ကြုံတင်တားဆီးလို့ရနိုင်တဲ့ ငှက်ဖျားရောဂါကို ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ Clariant ကို ကျေးဇူးတင်ရှိပါတယ်။ မြန်မာနိုင်ငံမှာလက်ရှိဆောင်ရွက်နေတဲ့ လုပ်ဆောင်ချက်တွေကို အရှိန်အဟုန်မြှင့်တင်ပြီး ပိုပြီးကျယ်ပြန့်အကျိုးသက်ရောက်တဲ့တစ်ခုကို ကျွန်တော်တို့ရရှိနိုင်ပါတယ် " ဟု Save the Children ၏ အာရှဒေသဆိုင်ရာ ဒါရိုက်တာဖြစ်သူ Hassan Noor Saadi က ပြောသည်။

Clariant ၏ ထောက်ပံ့မှုဖြင့် လှိုင်းဘွဲ့မြို့နယ်နှင့် ငဖဲမြို့နယ်တို့တွင် Save the Children မှ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများပိုမိုခိုင်မာတိုးတက်စေပြီး ကျန်းမာရေးဝန်ထမ်းများက လူနာများနှင့် ဒေသခံပြည်သူများကို အသိပညာပေးလုပ်ငန်းများအတွက် ပိုမိုတိုးတက်လာစေရန် အထောက်အကူဖြစ်စေမည်ဟု သိရသည်။

"မြန်မာနိုင်ငံမှာရှိတဲ့ ကလေးသူငယ်တွေအတွက် ကူညီပံ့ပိုးမှုတွေကို ၂၂နှစ်ကြာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ Save the Children ဟာ ငှက်ဖျားရောဂါပြန့်ပွားမှု ထိန်းချုပ်ကာကွယ်ဖို့ လုပ်ဆောင်မှုအပေါ် ပူးပေါင်းဆောင်ရွက်ခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းသာရပါတယ်"ဟု အာရှပစိဖိတ်၏ Clariant Busness Unit Masterbatches မှ ဌာနမှူးဖြစ်သူ Chris Ha nsen က ပြောသည်။

ထိုသို့ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံရှိ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်နှင့် ကရင်ပြည်နယ်ရှိ လှိုင်းဘွဲ့မြို့နယ်တို့တွင် လူထုအခြေပြု ငှက်ဖျားရောဂါတိုက်ဖျက်ရေး၊ ထိန်းချုပ်ရေးနှင့် လျှော့ချရေးဆိုင်ရာ စီမံကိန်းများကို ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းအထိ ကူညီပံ့ပိုးမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

## ဇာသပြင်-ကျားကလေးလမ်းတွင် ဘေလီသံပေါင် တံတားလေးစင်း ဆောက်လုပ်မည်

**ဘားအံ စက်တင်ဘာ ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဇာသပြင်-ကျားကလေးလမ်းကို ဘေလီသံပေါင်တံတား လေးစင်းဆောက်လုပ်သွားမည်ဖြစ်ရာ တံတားဆောက်လုပ်နေစဉ် ခရီးသွားလာမှုကို ထိခိုက်ခြင်းမရှိကြောင်း လမ်းအထူးအဖွဲ့ ၁၄ မှ သိရသည်။ အဆိုပါလမ်းပိုင်းမှာ လက်ရှိအနေအထားအရ ခရီးသွားလာမှုအတွက် အားထားနေရသည့် လမ်းပိုင်းဖြစ်ကြောင်းလည်း ယာဉ်မောင်းများထံမှ သိရသည်။

"ဇာသပြင်-ကျားကလေး လမ်းပိုင်းပေါ်က ဘေလီသံပေါင်တံတားလေးစင်း ထပ်ပြီးထိုးဖို့ ယမန်နေ့က စတင် ဆောင်ရွက်နေတာပါ။ အခုဆိုရင် သံပေါင်တွေကို တံတားထိုးမယ့်နေရာတွေမှာ ပို့ဆောင်နေပါပြီ။ တံတားကို လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိအောင်လို့ မူလဆောက်လုပ်ထားတဲ့ တံတားဘေးကနေ လုပ်သွားမှာပါ။ တံတားခံနိုင်ရည်၊ ဘတ်ဂျက်ပိုင်းနဲ့ စီမံခန့်ခွဲမှုအပိုင်းတော့ မသိရသေးပါဘူး။ ဘေလီသံပေါင်တံတားဆောက်မယ့်နေရာတွေက တံတားအမှတ် ၁/၆၊ ၁/၈၊ ၁/၉၊ ၁/၁၁ တို့မှာ ဆောက်လုပ်မှာပါ" ဟု တံတားအထူးအဖွဲ့(၁၄)မှ SAE ဦးသိန်းထွန်းက ပြောသည်။

ယမန်နေ့ကစတင်ပြီး တံတားဆောက်လုပ်ရန်အတွက် ဘေလီသံပေါင်များကို ဇာသပြင်-ကော့ကျိုက်လမ်းဆုံမှတစ်ဆင့် တံတားဆောက်လုပ်ရန်နေရာများသို့ လိုက်ချလျက်ရှိကြောင်း သိရသည်။

"အခုအနေအထားအရ ခရီးသွားယာဉ်ငယ်တွေအတွက် ဇာသပြင်-ကျားကလေးလမ်းပိုင်းကို အားကိုးနေရတယ်။ ရန်ကုန်တို့၊ မော်လမြိုင်တို့သွားလည်း ဇာသပြင်အဖြောင့်လမ်းကို ထွက်ပြီး သွားလို့ရတယ်။ ကားကြီးတွေတော့ ဖြတ်မရဘူး။ ကားလေးတွေပဲ ဖြတ်လို့ရတယ်" ဟု ယာဉ်ငယ်မောင်းသူတစ်ဦးက ပြောသည်။

ဇာသပြင်-ကျားကလေးလမ်းပိုင်းသည် မိုင်တိုင်အမှတ်များအရ ၂၄ ကီလိုမီတာရှည်ပြီး တံတားအသေး ၁၆ စင်းအပါအဝင် စုစုပေါင်း ၂၆ စင်းရှိကြောင်း သိရပြီး ဇာသပြင်-ကျားကလေးလမ်းမှတစ်ဆင့် ဘားအံ-ဇာသပြင်အဖြောင့်လမ်းသို့ ပြန်ထွက်ကာ မော်လမြိုင်ဘက်သို့လည်းကောင်း၊ ဘားအံ-သထုံ လမ်းသို့လည်းကောင်း သွားလာနိုင်သည့်အပြင် ဇာသပြင်-အိန္ဒူအကောက်လမ်းသို့ထွက်ကာ အိန္ဒူလမ်းဆုံမှတစ်ဆင့် ဘားအံသို့လည်း သွားလာ၍ရကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

❑ *ရှေ့စုံးမှ*

ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော် ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**ဆက်ကပ်ပူဇော်**

အခမ်းအနား မစတင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မဏ္ဍပ်တော်အတွင်း ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေချမ်းတို့ကို ဆက်ကပ်ပူဇော်သည်။

အခမ်းအနား အစီအစဉ်အရ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု စျေးကုန်းဆရာတော်ကြီးထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဆရာတော်သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်များက သမန္တာမှစ၍ မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ ဧည့်ပရိသတ်များက နာယူကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို စေတီတော်ပရိဝုဏ်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်တားဆီးကာရံကြသည်။

**လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နှင့်ဇနီး ဒေါ်ချိုချိုတို့က ထာဝရငြိမ်းချမ်းရေး အတွင်း စေတီတော်အထွတ်တွင် တပ်ဆင်ပူဇော်မည့် ရွှေစင်ရွှေသား ရွှေထီးတော်၊ အလယ်ဌာပနာတော်တိုက်တွင် သွင်းလှူပူဇော်မည့် ခက်မငါးဖြာနှင့်ပြည့်စုံသော ရတနာငွေဗောဓိပင်တော်၊ ဝါစိမ်းနီပြာ ရတနာကျောက်မျက်များ စီခြယ်ထားသော ရွှေကြာငါးခိုင်၊ ရတနာရွှေအိုး၊ ခါတ်တော်ရွှေကြုတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လယ်ဝေးမြို့ပေါက်မြိုင်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ ထာဝရငြိမ်းချမ်းရေး ပုံတော်ပွားစေတီတော်အထွတ်တွင် တပ်ဆင်ပူဇော်မည့် ရွှေစင်ရွှေသား ရွှေထီးတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း၊ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကထံ အလယ်ဌာပနာတိုက်အတွင်း သွင်းလှူပူဇော်မည့် ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေကုံ့ကော်ရွှေပန်းအိုး ခါတ်တော်ကြုတ်၊ ရွှေနှင်းဆီရွှေပန်းအိုး ခါတ်တော်ကြုတ်၊ ပုလဲရတနာလည်ဆွဲနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ပညာသာမိထံ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က အလယ်ဌာပနာတိုက်အတွင်း သွင်းလှူပူဇော်မည့် မဟာမဏိမယ ဗုဒ္ဓပဋိမာ ရုပ်ပွားတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် အလှူရှင်ဘုရား ဒါယကာ၊ ဒါယိကာမများက ဆရာတော် သံဃာတော်များထံ အလယ်ဌာပနာတိုက်တွင် သွင်းလှူပူဇော်မည့် ဗုဒ္ဓရုပ်ပွားတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ စျေးကုန်းဆရာတော်ကြီးထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

*စာမျက်နှာ ၄ သို့*

**ကိုးပါးသီလ ခံယူဆောက်တည်**

**နိုင်ငံတော်သြဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရဆရာတော်ကြီးထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယ သမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။**

သတင်းစဉ်

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့က ထာဝရငြိမ်းချမ်းရေးစေတီအတွင်း စေတီတော်အထွတ်တွင် တင်လှူပူဇော်မည့် ရွှေစင်ရွှေသား ရွှေထီးတော်ကို စေတီတော်အား လက်ယာရစ် လှည့်လည်ပင့်ဆောင် ပူဇော်စဉ်။**

သတင်းစဉ်

နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့က ထာဝရငြိမ်းချမ်းရေးစေတီ အလယ်ဌာပနာတော်တိုက်တွင် သွင်းလှူပူဇော်မည့် ဝါစိမ်းနီပြာ ရတနာကျောက်မျက်များ စီခြယ်ထားသော ရွှေကြာငါးခိုင်ကို ဆက်ကပ်စဉ်။ သတင်းစဉ်

လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထာဝရငြိမ်းချမ်းရေးစေတီ ပုံတော်ပွားစေတီတော်အထွတ်တွင် တင်လှူပူဇော်မည့် ရွှေစင်ရွှေသား ရွှေထီးတော်ကို ဆက်ကပ်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ထို့နောက် အလယ်ဌာပနာတော် သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များက ရွှေစင်ရွှေသား ရွှေထီးတော်များ၊ အလယ်ဌာပနာတွင် သွင်းလှူပူဇော်မည့် ခက်မငါးဖြာနှင့် ပြည့်စုံသည့် ရတနာငွေဖောခိပင်တော်၊ ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေတိုင်ပုံတူ ငွေစေတီတော်များ၊ ပရိက္ခရာရှစ်ပါး ငွေပဒေသာပင်များ၊ ငွေကြုတ်တော်များ၊ ဓာတ်တော်ငွေ ဆွမ်းအုပ်များ၊ ရတနာ တံသင်းငွေသေတ္တာများ၊ ဗုဒ္ဓဇာတာတော်၊ မော်ကွန်းကြေးပြားတော်၊ မဟာဇေယျ မင်္ဂလာ ၄၃ ဂါထာနှင့် ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ကို ပင့်ဆောင်ကာ စေတီတော်အား လက်ယာရစ် လှည့်လည် ပူဇော်ပြီး ကုသိုလ်တော်မဏ္ဍပ်သို့ ပို့ဆောင်ပေးကြသည်။

**ပင့်ဆောင်ပူဇော်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတ၏ ဇနီး၊ ဒုတိယသမ္မတ၏ ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဧည့်ပရိသတ်များသည် အတွင်းစေတီတော်၏ ရွှေစင်ရွှေသား ရွှေထီးတော်နှင့် အလယ်ဌာပနာတော် များကို ဌာပနာတော်တိုက်သို့ လက်ဆင့် ကမ်း ပင့်ဆောင်ပူဇော်ပေးကြသည်။

မင်္ဂလာအချိန်တွင် ရွှေပါရမီ တောရဆရာတော် အရှင်ဆန္ဒာဓိက၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယ သမ္မတ ဦးမြင့်ဆွေ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် အလှူရှင် ဘုရားဒါယကာတို့က ခက်မငါးဖြာနှင့် ပြည့်စုံသည့် ရတနာငွေ ဖောခိပင်တော်၊ ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေတိုင်ပုံတူ ငွေစေတီတော်များ၊ ပရိက္ခရာ ရှစ်ပါးငွေပဒေသာပင်များ၊ ငွေကြုတ်တော်များ၊ ဓာတ်တော်ငွေဆွမ်း အုပ်များ၊ ရတနာတံသင်းငွေသေတ္တာများ၊ ဗုဒ္ဓဇာတာတော်၊ မော်ကွန်းကြေးပြား တော်နှင့် ဌာပနာတော်များကို ရေးထုံး ကျမ်းဂန်နှင့်အညီ ဌာပနာတိုက်တော် အတွင်း အစီအစဉ်အတိုင်း သွင်းလှူ ပူဇော်ကြသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်**

ထို့နောက် ရွှေပါရမီတောရ ဆရာ တော် အရှင်ဆန္ဒာဓိကနှင့် နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်တို့သည် အလယ် ဌာပနာတိုက်တော်ကို ပိတ်၍ ပရိတ်နံ့သာ ရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ရွှေပါရမီတောရ ဆရာတော်၊ နိုင်ငံတော်သမ္မတ၊ ဒုတိယ သမ္မတ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အလှူရှင်ဘုရားဒါယကာတို့က ထာဝရ ငြိမ်းချမ်းရေး အတွင်းစေတီတော်အထွတ် တွင် ရွှေစင်ရွှေသား ရွှေထီးတော်ကို တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည် များ ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် စေတီ တော်ပရိဝုဏ် ဓမ္မာရုံတော်တွင်းရှိ ထာဝရ ငြိမ်းချမ်းရေး ပုံတော်ပွားစေတီတော် အထွတ်တွင် ရွှေစင်ရွှေသား ရွှေထီးတော် ကို တင်လှူပူဇော်ကြပြီး အမွှေးနံ့သာ ရည်များ ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် ဆရာတော် သံဃာ တော်များက ဗုဒ္ဓါဘိသေက ဂါထာတော် နှင့် ဇယမင်္ဂလာ အောင်ဂါထာတော်များ ကို ရွတ်ဆိုပူဇော်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ တပ်ကုန်းမြို့ရွှေအင်းရိပ်သာကျောင်းတိုက် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တ ပညာသာမိထံ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က အလယ်ဌာပနာတိုက်အတွင်း သွင်းလှူ ပူဇော်မည့် မဟာမဏိမယဗုဒ္ဓပဋိမာရုပ်ပွားတော်ကို ဆက်ကပ်စဉ်။

သတင်းစဉ်

# မြို့မိမြို့ဖများ၏ ဒုတိယအကြိမ်မြောက် မန္တလေးတက္ကသိုလ် ပညာရည်ချွန်ရွှေတံဆိပ်ဆု ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁**

မြို့မိမြို့ဖများ၏ ဒုတိယအကြိမ်မြောက် မန္တလေးတက္ကသိုလ်ပညာရည်ချွန်ရွှေတံဆိပ်ဆု ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက် နံနက်က မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မန္တလေးတက္ကသိုလ်နှင့် နိုင်ငံတကာတက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရန် MoU/MoA စုစုပေါင်း ၃၄ ခု လက်မှတ်ရေးထိုးထားပြီး ကွန်ဖရင့်၊ စာတမ်းဖတ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အရည်အသွေးမြင့်မားရေး သင်တန်းများ ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ သုတေသနလုပ်ငန်း စုစုပေါင်း ၁၃၈ ခုကိုလည်း ဆောင်ရွက်နေပါကြောင်း၊

ယနေ့အထိ ပြည်တွင်း ပြည်ပသုတေသနစာတမ်း စုစုပေါင်း ၆၀၅ စောင် ရေးသားထားနိုင်သည်ကို တွေ့မြင်ရပါကြောင်း၊ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှု များကြောင့် နှစ်စဉ် အာဆီယံတက္ကသိုလ် Ranking နှင့် ကမ္ဘာ့အဆင့်တက္ကသိုလ် Ranking တွင် ပိုမိုတိုးတက်မြင့်မားလာသည်ကို တွေ့မြင်နေရပါကြောင်း၊ နိုင်ငံတကာ နှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိနိုင်ရေးအတွက် တက္ကသိုလ်တွင် လိုအပ်သည့် စာကြည့်တိုက်၊ အိုင်စီတီ၊ သင်ထောက်ကူပစ္စည်း၊ သုတေသနရန်ပုံငွေစသည်များ ဖြည့်ဆည်းပေးနိုင်ရေး အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကလုပ်ငန်း ရှင်များနှင့် ဒေသခံမြို့မိမြို့ဖများက ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင် ရွက်ပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကား ပြောကြားသည်။

ယင်းနောက် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဒေါ်သီတာဝင်းက ကျေးဇူးတင်စကား ပြောကြားပြီး မြို့မိမြို့ဖ အလှူရှင်များကိုယ်စား ဦးမောင်ကို (ထာဝရကုမ္ပဏီ) နှင့် ဆုချီးမြှင့်ရေးကော်မတီမှ ဘဏ္ဍာရေးမှူး ဒေါ်ရွှေလှ (ရီရှင်း ကုမ္ပဏီ)တို့က လှူဒါန်းရခြင်းအကြောင်းရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့မိမြို့ဖအလှူရှင်များက ထူးချွန်ကျောင်းသား ကျောင်းသူ ၂၀ ကို ပညာရည်ချွန် ရွှေတံဆိပ်ဆုများ ဂုဏ်ပြုချီးမြှင့်ကြပြီး ပြည်ထောင်စုဝန်ကြီးက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ပညာရည်ချွန်ရွှေတံဆိပ် ဆုရ ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)နှင့် တောင်ကြီးပညာရေးကောလိပ်များသို့ လည်းကောင်း၊ ယနေ့တွင် နည်းပညာတက္ကသိုလ် (တောင်ကြီး)သို့လည်းကောင်း သွားရောက်၍ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ သင်တန်းသား သင်တန်းသူများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးမိသားစုများနှင့် တွေ့ဆုံကာ သင်ကြားသင်ယူမှုဆိုင်ရာလုပ်ငန်းများ၊ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ဘာသာရပ် ဆိုင်ရာများ ပိုမိုတိုးတက်ကောင်းမွန်စေရေး၊ ဒေသအတွက်၊ နိုင်ငံအတွက် အားထားရ မည့် ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများ ပြုစုပျိုးထောင်ပေးနိုင် ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နတ်မောက်မြို့နယ်၌ ရှေးဟောင်းစေတီတော် ၁၁ ဆူကို ထီးတော်တင်ခြင်းနှင့် ဌာပနာတော်သွင်းမင်္ဂလာကျင်းပ

**နတ်မောက် စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရွာမွန်ကျေးရွာရှိ ပြိုကျပျက်စီးနေသော ရှေးဟောင်းစေတီတော် ၁၁ ဆူ ထီးတော်တင်ခြင်းနှင့် ဌာပနာတော်သွင်းခြင်းကို စက်တင်ဘာ ၁ ရက် နံနက်၇နာရီခွဲက ရွာမွန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် နတ်မောက်မြို့ဒီပင်္ကရာပရိယတ္တိစာသင်တိုက် စာချဆရာတော် ဦးယုဇနနှင့် ကျေးရွာရှိဆရာတော် သံဃာတော်အရှင်သူမြတ်များ၊ နယ်မြေခံတပ်မှ တပ်မိသားစုဝင်များနှင့် ဘုရားဒါယကာ ဒါယိကာမအလှူရှင်အပေါင်းတို့က ဗုဒ္ဓပဏာ မနမောတဿသုံးကြိမ် ရွတ်ဖတ်ပူဇော်ပြီး မိတ္ထီလာမြို့ အသောကာရုံရေလည် ကျောင်းတိုက်ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တလာဘာဝတ သက်တော်ရှည်ဘုန်းဘုန်းလေးဆရာတော်ထံမှ သရဏဂုံ သုံးပါးနှင့် ကိုးပါးသီလကိုခံယူဆောက်တည်၍ ဘုရားဒါယကာ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့က ဌာပနာတော်များကို ဆရာတော်သံဃာတော်အရှင်သူမြတ် များ၏ လက်တော်သို့အရောက် သာဟတ္ထိကဒါနမြောက် ဆက်ကပ်လှူဒါန်းခဲ့ကြ သည်။

ဆက်လက်၍ဘုရားဒါယကာဒါယိကာမအပေါင်းတို့က ထီးတော် ဘုံအဆင့်များ၊ သတ္တဌာနဌာပနာတော်များကို စေတီတော်ရင်ပြင်တွင် လက်ယာရစ်သုံးကြိမ် လှည့်လည် ပူဇော်ကြပြီး ထီးတော်တင်ခြင်း၊ စေတီတော်များအတွင်း ဌာပနာတော်များ ထည့်သွင်း ပူဇော်ခဲ့ကြကြောင်း သိရသည်။

လှဝင်း(နတ်မောက်)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို နီပေါနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်ဆိုင်ရာ သတင်းထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ၏ ဖိတ်ကြားချက်အရ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့တို့တွင် နီပေါနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ဩဂုတ်လ ၃၀ ရက် နေ့နှင့် ၃၁ ရက်နေ့တို့တွင် ကတ္တမန္ဒူးမြို့၌ ကျင်းပသည့် ဘင်္ဂလားပင်လယ်အော်ဒေသတွင်းကဏ္ဍစုံ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ဘင်းမ်စတက်) (Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation - BIMSTEC) ထိပ်သီးအစည်းအဝေးသို့ ဆက်လက်တက်ရောက်ခဲ့သည်။**

### ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လ ၂၈ ရက်နေ့၊ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြသည်။ နိုင်ငံတော်သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့အား ကတ္တမန္ဒူးမြို့ Tribhuvan အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ အစ်ရှဝါ ပိုကာရယ်၊ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းနှင့် နီပေါနိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန အကြီးအကဲ၊ နီပေါနိုင်ငံမှ တာဝန်ရှိသူများနှင့် နီပေါနိုင်ငံ၊ မြန်မာသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကတ္တမန္ဒူးမြို့ရှိ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သွားရောက်ခဲ့ကြသည်။ သံရုံးတွင် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်း၊ မြန်မာသံရုံးဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများက ကြိုဆိုခဲ့ကြသည်။ နိုင်ငံတော်သမ္မတသည် မြန်မာသံရုံးတွင် နီပေါ-မြန်မာကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ မစ္စတာ ရှီဗာ ကူမား အက်ဂရာဝါလ်နှင့် အဖွဲ့ဝင်များ၊ နီပေါ-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ရှန်ကာ ဂီမီရီနှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က သံအမတ်ကြီး၊ သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့အား သံအမတ်ကြီးမှ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဩဂုတ်လ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လုမ္ဗိနီဥယျာဉ်သို့ လေကြောင်းဖြင့် သွားရောက်ခဲ့ရာ လုမ္ဗိနီဥယျာဉ်ရှိ မယ်တော်မာယာဒေဝီကျောင်းတော်သို့ ရောက်ရှိခဲ့ပြီး ဗုဒ္ဓဖွားမြင်တော်မူရာ သာသနိကနယ်မြေအား လှည့်လည်ဖူးမြော်ကာ လုမ္ဗိနီဥယျာဉ်တွင်းရှိ ပဏ္ဍိတာရာမအပြည်ပြည်ဆိုင်ရာ သာသနာ့ရိပ်သာနှင့် မြန်မာရွှေကျောင်းတော်ကြီးသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

### မြန်မာ-နီပေါ နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ရေး

နိုင်ငံတော်သမ္မတသည် ယင်းနေ့ ညနေပိုင်းတွင် ကတ္တမန္ဒူးမြို့ရှိ Soaltee Crowne Plaza ဟိုတယ်၊ Malshree ခန်းမ၌ နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာ အိုလီအား သွားရောက်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် နီပေါနိုင်ငံသမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ အား သမ္မတနန်းတော်သို့ သွားရောက်တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံ ပြည်သူများအကြား ပိုမိုထိတွေ့ဆက်ဆံရေး၊ ဘုရားဖူးခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နီပေါနိုင်ငံ သမ္မတမှ နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့အား သမ္မတနန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်သမ္မတနှင့် နီပေါနိုင်ငံသမ္မတတို့မှ ဆုတောင်းမိန့်ခွန်းများ အပြန်အလှန်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာ အိုလီ တို့ ဩဂုတ် ၂၉ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

ပြောကြားခဲ့ကြသည်။

### မြန်မာ-သီရိလင်္ကာ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး

နိုင်ငံတော်သမ္မတသည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ မိုင်သရီပါလ ဆီရိစီနာအား ဩဂုတ်လ ၃၀ ရက်နေ့တွင် Soaltee Crowne Plaza ဟိုတယ်၊ Boardroom ခန်းမ၌ တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ခရီးသွားလုပ်ငန်း တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီး ပျံသန်းနိုင်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ မြန်မာ-သီရိလင်္ကာဝန်ကြီးအဆင့် ပူးတွဲကော်မရှင်အစည်းအဝေး ပြန်လည်ကျင်းပရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး စသည်တို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထိုသို့တွေ့ဆုံစဉ် သီရိလင်္ကာသမ္မတက နိုင်ငံတော်သမ္မတ အား သီရိလင်္ကာနိုင်ငံသို့ တရားဝင်ခရီးအလည်အပတ်လာရောက်ရန် ဖိတ်ကြားခဲ့သည်။

နိုင်ငံတော်သမ္မတသည် ဩဂုတ်လ ၃၀ ရက် မွန်းလွဲပိုင်းတွင် အခြားဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့်အတူ နီပေါနိုင်ငံသမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ အား သမ္မတအိမ်တော်သို့ သွားရောက်၍ စုပေါင်းတွေ့ဆုံခဲ့ပြီး၊ နီပေါနိုင်ငံသမ္မတမှ တည်ခင်းသော နေ့လည်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

### စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး

ယင်းနေ့ ညနေ ၁၅း၀၀ နာရီတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် "ငြိမ်းချမ်းသာယာဝပြော၍ ရေရှည်တည်တံ့ခိုင်မြဲသော ဘင်္ဂလားပင်လယ်အော်ဒေသ" ခေါင်းစဉ်ဖြင့် ကျင်းပသော စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးကို နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာအိုလီ မှ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်သမ္မတနှင့်အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၊ ဘူတန်နိုင်ငံ ကြားဖြတ်အစိုးရအဖွဲ့၏ အကြံပေးအရာရှိချုပ် ဒါရှို ရှာရင်း ဝမ်ချွတ်၊ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာမိုဒီ၊ သီရိလင်္ကာနိုင်ငံသမ္မတ မိုင်သရီပါလ ဆီရိစီနာ၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း) တို့လည်း တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံအသီးသီးမှ နိုင်ငံခေါင်းဆောင်များက မိန့်ခွန်းများ ပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင် ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှု ၁၉၉၇ ခုနှစ်မှ စတင်တည်ထောင်ခဲ့ချိန်မှ ယခုအချိန်အထိ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုများနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ပြောကြားခဲ့ပြီး မြန်မာနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်မှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှု ပိုမိုထိရောက်၍ ရလဒ်ရှေ့ရှုသော အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန်အတွက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းနှိမ်နင်းရေးကဏ္ဍများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ ဘင်းမ်စတက်၏ အခြားအရေးကြီးသည့်ကဏ္ဍများ၌လည်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ထည့်သွင်းပြောကြားခဲ့သည်။

### ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုကျော်လွှားရန်

ထိပ်သီးအစည်းအဝေးအတွင်း တက်ရောက်လာကြသော ဘင်းမ်စတက် နိုင်ငံခေါင်းဆောင်များမှ မိန့်ခွန်းများအသီးသီး ပြောကြားကြရာတွင် ကမ္ဘာ့လူဦးရေ၏ ၂၂ ရာခိုင်နှုန်းနေထိုင်ပြီး စုစုပေါင်း ဂျီဒီပီ အမေရိကန်ဒေါ်လာ ၂.၈ ထရီလီယံနှင့် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း ၆ ရာခိုင်နှုန်းရှိသည့် ဘင်းမ်စတက်ဒေသသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အလားအလာကောင်းများ ပိုင်ဆိုင်ထားကြောင်း၊ သာယာဝပြောမှုကို အတူတကွ မျှဝေခံစားနိုင်ရန် ဘင်းမ်စတက် အဖွဲ့ကြီးအား ပိုမိုခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရန် ထပ်လောင်းကတိကဝတ်များပြုကြောင်း၊ ထို့ပြင် ခေါင်းဆောင်များမှ အခြေခံအဆောက်အဦ၊ ကုန်သွယ်မှု၊ စီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလာမှု၊ စွမ်းအင်၊ လမ်းနှင့် ပေါင်းစည်းဆက်သွယ်မှုကဏ္ဍများအပါအဝင် ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားရန် လိုအပ်ကြောင်း၊ ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများကို ပိုမိုထိရောက်မှုရှိစေရန် ပေါင်းစည်းဆက်သွယ်ရေး၊ ကုန်သွယ်မှု၊ ပြည်သူအချင်းအချင်း ဆက်သွယ်မှု၊ လုံခြုံရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍများကို အထူး ဦးစားပေးဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြား ခဲ့သည်။

ထို့နောက် ဩဂုတ်လ ၃၀ ရက် ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ၊ပီ၊ ရှာမာ အိုလီမှ ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များအား ဂုဏ်ပြုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ညစာစားပွဲတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ယဉ်ကျေးမှုအကအဖွဲ့များက အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်။

ဩဂုတ်လ ၃၁ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတသည် အခြား ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ နံနက်စာသုံးဆောင်ရင်းကျင်းပသည့် အလွတ်သဘော အစည်းအဝေး (Retreat) သို့ ပါဝင်တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်များသည် ပေါင်းစည်းဆက်နွယ်မှုမြှင့်တင်ရေး၊ ဘုရားဖူးခရီးသွားလုပ်ငန်းများ မြှင့်တင်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များကိစ္စ၊ ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ ပိုမိုထိရောက်မှုရှိစေရန် ပြုပြင်ပြောင်းလဲရေး၊ ဘင်းမ်စတက် ပဋိညာဉ်စာတမ်းရေးဆွဲရေးလုပ်ငန်းစဉ်များအပေါ် အလွတ်သဘော အမြင်ချင်းဖလှယ်ခဲ့ကြသည်။

### စွမ်းအင်ရောင်းဝယ်ရေး အခြေခံရမည့်မူဘောင်

ဆက်လက်၍ ခေါင်းဆောင်များသည် စတုတ္ထအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ ထို့နောက် Memorandum of Understanding for Establishment of the BIMSTEC Grid Interconnection နားလည်မှု စာချွန်လွှာကို အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးများက လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါသဘောတူညီချက်သည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား လျှပ်စစ်ဓာတ်အားလိုင်းများချိတ်ဆက် ၍ စွမ်းအင်ရောင်းဝယ်ရေး ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအခြေခံရမည့် မူဘောင် တစ်ရပ်ဖြစ်သည်။ ဆက်လက်၍ နီပေါနိုင်ငံဝန်ကြီးချုပ်မှ သီရိလင်္ကာနိုင်ငံသမ္မတထံသို့ ဘင်းမ်စတက်အဖွဲ့၏ ဥက္ကဋ္ဌရာထူးကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အစည်းအဝေးတွင် ဘင်းမ်စတက်ခေါင်းဆောင်များက စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းကို အတည်ပြုချမှတ်ခဲ့သည်။ ထိပ်သီးအစည်းအဝေး ကြေညာစာတမ်းတွင် သိသာထင်ရှားသော ရလဒ်များ ထွက်ပေါ်လာနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု ဧရိယာများအား ပြုပြင်ဖွဲ့စည်းမှုများ ပြုလုပ်ရန်၊ ဘင်းမ်စတက် အတွင်းရေးမှူးရုံး၏ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စများအား ကြီးကြပ်ကွပ်ကဲရန်အတွက် "ဘင်းမ်စတက် အမြဲတမ်းလုပ်ငန်းကော်မတီ" ဖွဲ့စည်းသွားရန်၊ ဖွဲ့စည်းမှုဆိုင်ရာ မူဘောင်များအဖြစ် လုပ်ထုံးလုပ်နည်းစည်းမျဉ်းများနှင့် ပဋိညာဉ်စာတမ်း ရေးဆွဲသွားရန်၊ ဘင်းမ်စတက် အတွင်းရေးမှူးရုံးအား အင်အားဖြည့်တင်းသည့်အနေဖြင့် လက်ရှိ ညွှန်ကြားရေးမှူး (၃) ဦးမှ (၇) ဦးအထိ တိုးချဲ့ခန့်အပ်သွားရန်၊ အကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန်၊ ၂၀၁၉ ခုနှစ်တွင် ဘင်းမ်စတက်၏ ပထမဆုံးအကြိမ် စိုက်ပျိုးရေးဝန်ကြီးများအစည်းအဝေးကို မြန်မာနိုင်ငံ၌ လက်ခံကျင်းပရန် အဆိုပြုချက်အား ကြိုဆိုခြင်းတို့ ပါဝင်ခဲ့သည်။

### မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလမ်းစဉ်ဖော်ဆောင်မှုကူညီရေး

နိုင်ငံတော်သမ္မတသည် ဩဂုတ်လ ၃၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ ရှရီ နာရန်ဒရာမိုဒီနှင့် တွေ့ဆုံခဲ့ရာ နှစ်နိုင်ငံအကြား ကာလရှည်ကြာ အစဉ်အလာမပျက် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မြဲစေရေး၊ ဒီမိုကရေစီအပြည့်အဝ ဖော်ဆောင်ကျင့်သုံးနိုင်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလမ်းစဉ်

စာမျက်နှာ ၇ သို့

# မြန်မာနှင့် APTERR (သို့မဟုတ်) အာဆီယံအပေါင်းသုံး အရေးပေါ်အရန်ဆန်ရိက္ခာ ဆိုသည်မှာ

**အေးကိုကို (စိုက်ပျိုးရေး)**

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်သည်နှင့်အညီ အာဆီယံနှင့် ဆက်စပ်လျက်ရှိသော အဖွဲ့အစည်းအသီးသီးတွင်လည်း တက်ကြွစွာ ပါဝင်လှုပ်ရှားလျက်ရှိပါသည်။ စားရေရိက္ခာနှင့် ပတ်သက်၍ APTERR၊ AFSRB ၊ AFSIS အဖွဲ့များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ပါသည်။ APTERR ဆိုသည်မှာ ASEAN Plus Three Emergency Rice Reserve ဖြစ်ပြီး မြန်မာလို အာဆီယံအပေါင်းသုံးအရေးပေါ်အရန်ဆန်ရိက္ခာဖြစ်ပါသည်။ APTERR အဖွဲ့ဖြစ်ပေါ်လာပုံမှာ- အာဆီယံနိုင်ငံများအတွင်း အရေးပေါ်အရန်ဆန်ရိက္ခာ (AERR) ကို အာဆီယံအရန်ရိက္ခာဖူလုံမှု သဘောတူညီချက်အရ ၁၉၇၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ အဖွဲ့အစည်းကို ၂၀၀၄ ခုနှစ် မတ်လမှ စတင်၍ အရှေ့အာရှ အရေးပေါ်ဆန်အရန်ရိက္ခာ (EAERR) အဖြစ် ပြောင်းလဲ ဖွဲ့စည်းခဲ့ပြီး ရှေ့ပြေးစီမံကိန်းအဖြစ် ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ အာဆီယံ ဒေသ တွင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

**အရှေ့အာရှ အရေးပေါ် ဆန်အရန်ရိက္ခာ**

ထို့နောက် ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် ထိုင်းနိုင်ငံ၌ ပြုလုပ်ခဲ့သော အာဆီယံအပေါင်းသုံးနိုင်ငံများ၏ (၁၂)ကြိမ်မြောက် ထိပ်သီးအစည်းအဝေး ဆုံးဖြတ်ချက်နှင့် ၂၀၀၉ ခုနှစ် နိုဝင်ဘာလအတွင်း ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော နဝမအကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများနှင့် အပေါင်းသုံးနိုင်ငံတို့၏ အစည်းအဝေးမှ သဘောတူ ထောက်ခံချက်များအရ အရှေ့အာရှ အရေးပေါ်ဆန်အရန်ရိက္ခာ (EAERR) မှ အာဆီယံ အပေါင်းသုံးနိုင်ငံများ အရေးပေါ်ဆန်အရန်ရိက္ခာအဖွဲ့ (ASEAN Plus Three Emergency Rice Reserve- APTERR) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

မြန်မာနိုင်ငံသည် APTERR အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် မြန်မာနိုင်ငံကိုယ်စား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက သဘောတူ လက်မှတ်ရေးထိုးပါဝင်ခဲ့ပါသည်။

APTERR အဖွဲ့၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) အာဆီယံအပေါင်းသုံးနိုင်ငံများအတွင်း ရေရှည်တည်တံ့သော စားနပ်ရိက္ခာဖူလုံမှု ခိုင်မာစွာရှိစေရန်

(ခ) ဒေသတွင်း အာဆီယံအပေါင်းသုံး အဖွဲ့ဝင်နိုင်ငံများတွင် စားနပ်ရိက္ခာအရေးပေါ်လိုအပ်သည့်အခါ အချင်းချင်း ကူညီဆောင်ရွက်ရန်နှင့် လူသားချင်းစာနာသည့် အကူအညီများ ထောက်ပံ့ကူညီရန်

အဖွဲ့ဝင်နိုင်ငံအလိုက် မတည်ရင်းနှီးငွေ (Endorsement Fund) နှင့် လုပ်ငန်းလည်ပတ် အသုံးစရိတ် (Operational Cost) တို့ကို နိုင်ငံအဆင့်အလိုက် သဘော တူညီချက်အရ ဇယား (၁)ပါအတိုင်း ထည့်ဝင်ကြရပါသည်။

မြန်မာနိုင်ငံ အနေဖြင့် ပထမငါးနှစ်ကာလဖြစ်သော ၂၀၁၃ မှ ၂၀၁၇ ခုနှစ်အထိ မတည်ရင်းနှီးငွေ USD (83000) နှင့် နှစ်စဉ် လုပ်ငန်းအသုံးစရိတ် တစ်နှစ်လျှင် USD (6000) နှုန်းဖြင့် USD (30000) စုစုပေါင်း ၁၁၃၀၀၀ ထည့်ဝင်ခဲ့ပြီးဖြစ်ပါသည်။ ဒုတိယ ငါးနှစ်ဖြစ်သော ၂၀၁၈ မှ ၂၀၂၂ ခုနှစ်အတွက် လုပ်ငန်းလည်ပတ်အသုံးစရိတ်အတွက်သာ ထပ်မံ ထည့်ဝင်ရန် အဖွဲ့ဝင် ၁၃ နိုင်ငံမှ ကောင်စီဝင်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များသည် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် SSOM 38th AMAF နှင့် SSOM 16th AMAF + 3 အစည်းအဝေးမှ သဘောတူဆုံးဖြတ်ခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် အဖွဲ့ဝင်နိုင်ငံများ၏ အမြင့်ဆုံးဖြစ်သည့် အာဆီယံအပေါင်းသုံး စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေး AMAF+3 Meeting တွင် APTERR Amendment ကို ထပ်မံ လက်မှတ်ရေးထိုးကြပါလိမ့်မည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဒုတိယ ငါးနှစ်ကာလအတွက် လုပ်ငန်းလည်ပတ် အသုံးစရိတ်အဖြစ် USD (30000) ထပ်မံထည့်ဝင်ရပါမည်။

ဇယား (၁)

**ရေတွက်ပုံ - အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | မတည်ရင်းနှီးငွေ (EF) | လုပ်ငန်းလည်ပတ် အသုံးစရိတ် (OC) | ပေါင်း |
|---|---|---|---|---|
| ၁ | တရုတ် | ၁၀၀၀၀၀၀ | ၃၇၅၀၀၀ | ၁၃၇၅၀၀၀ |
| ၂ | ဂျပန် | ၁၀၀၀၀၀၀ | ၃၇၅၀၀၀ | ၁၃၇၅၀၀၀ |
| ၃ | ကိုရီးယား | ၁၀၀၀၀၀၀ | ၃၇၅၀၀၀ | ၁၃၇၅၀၀၀ |
| ၄ | ဘရူနိုင်း | ၁၀၇၅၀၀ | ၃၈၀၀၀ | ၁၄၅၅၀၀ |
| ၅ | အင်ဒိုနီးရှား | ၁၀၇၅၀၀ | ၄၀၀၀၀ | ၁၄၇၅၀၀ |
| ၆ | မလေးရှား | ၁၀၇၅၀၀ | ၄၀၀၀၀ | ၁၄၇၅၀၀ |
| ၇ | ဖိလစ်ပိုင် | ၁၀၇၅၀၀ | ၄၀၀၀၀ | ၁၄၇၅၀၀ |
| ၈ | စင်ကာပူ | ၁၀၇၅၀၀ | ၄၀၀၀၀ | ၁၄၇၅၀၀ |
| ၉ | ထိုင်း | ၁၀၇၅၀၀ | ၄၀၀၀၀ | ၁၄၇၅၀၀ |
| ၁၀ | ဗီယက်နမ် | ၁၀၇၅၀၀ | ၄၀၀၀၀ | ၁၄၇၅၀၀ |
| ၁၁ | ကမ္ဘောဒီးယား | ၈၃၀၀၀ | ၃၀၀၀၀ | ၁၁၃၀၀၀ |
| ၁၂ | လာအို | ၈၃၀၀၀ | ၃၀၀၀၀ | ၁၁၃၀၀၀ |
| ၁၃ | မြန်မာ | ၈၃၀၀၀ | ၃၀၀၀၀ | ၁၁၃၀၀၀ |

**ညှိနှိုင်းပေါင်းစပ်**

APTERR အထွေထွေအတွင်းရေးမှူးရုံးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Kasatsart တက္ကသိုလ်အတွင်းရှိ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန အောက်ရှိ စိုက်ပျိုးစီးပွားရေးဌာန (Agriculture Economic Department) တွင် ၂၀၁၃ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် တွဲဖက်ရုံး ကြေညာဖွင့်လှစ်ပြီး အထွေထွေမန်နေဂျာတစ်ဦးကို APTERR Secretariat ရုံးအကြီးအကဲအဖြစ် အဖွဲ့ဝင်နိုင်ငံ ၁၃ ခုမှ ကောင်စီဝင်များက သဘောတူ ရွေးချယ်ခန့်အပ်၍ ရုံးဝန်ထမ်း ၁၀ ဦးဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ APTERR လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

APTERR ၏ လုပ်ငန်းစဉ်သုံးရပ်မှာ-

(၁) APTERR Tier -1 (Anticipated Emergency)
(၂) APTERR Tier -2 (Unanticipated Emergency)
(၃) APTERR Tier -1 (Voluntarily Emergency)

ဇယား (၂)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖြန့်ဝေထောက်ပံ့ခဲ့သည့် အကြောင်းအရင်း | ဆန်(တန်) | အကျိုးသက်ရောက် ပြည်သူ(ဦးရေ) |
|---|---|---|---|---|
| (က) | **ကိုရီးယားဆန်** | | | |
| ၁ | ရခိုင်(မောင်တောခရိုင်) | ၂၀၁၇/ ရခိုင် ကိစ္စ | ၂၆၇.၀ | ၂၆၇၄၇ |
| ၂ | မကွေး(မင်းတုန်း) | ၂၀၁၈/ရေဘေး | ၆၂.၀ | ၅၆၁၃ |
| ၃ | မကွေး(ပခုက္ကူ၊ ရေစကြို) | ၂၀၁၈/ရေဘေး/ကမ်းပြို | ၅၇.၀ | ၅၇၀၅ |
| ၄ | မွန် | ၂၀၁၈/ရေဘေး | ၆၀.၀ | ၆၀၀၀ |
| ၅ | ကချင် | ၂၀၁၈/စစ်ဘေးရှောင် | ၅၄.၀ | ၅၃၃၇ |
| | **ပေါင်း** | | **၅၀၀.၀၀** | **၄၉၄၀၂** |
| (ခ) | **ဂျပန်ဆန်** | | | |
| ၆ | ကချင် | ၂၀၁၇/သဘာဝဘေး+စစ်ဘေးရှောင် | ၃၁၁.၅၀ | ၄၈၇၁၃ |
| ၇ | ပဲခူး | ၂၀၁၈/ရေဘေး | ၅၀.၀၀ | ၁၀၀၀၀ |
| ၈ | ကရင် | ၂၀၁၈/ရေဘေး | ၅၀.၀၀ | ၃၆၃၂၂ |
| ၉ | မွန် | ၂၀၁၈/ရေဘေး | ၃၆.၀၀ | ၁၆၄၃၄ |
| ၁၀ | တနင်္သာရီ | ၂၀၁၈/ရေဘေး | ၅၂.၅၀ | ၆၃၈၅ |
| | **ပေါင်း** | | **၅၀၀.၀၀** | **၁၁၇၈၅၄** |
| | **စုစုပေါင်း** | | **၁၀၀၀.၀၀** | **၁၆၇၂၅၆** |

Tier-1 သည် အဖွဲ့ဝင်နိုင်ငံများအတွင်း ကြိုတင်မျှော်မှန်းတွေးဆ၍ အရေးပေါ် လိုအပ်ချက်ရှိလျှင် ဆန်ရိက္ခာလိုသော နိုင်ငံအတွက် ပိုသောနိုင်ငံမှ ညှိနှိုင်းရောင်းချမည့် အစီအစဉ်ဖြစ်ပါသည်။ မကြာမီ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဖိလစ်ပိုင်နိုင်ငံသို့ ၎င်းအစီအစဉ်ကို စတင်အကောင်အထည်ဖော်ပါလိမ့်မည်။

Tier-2 သည် ဆန်ထောက်ပံ့မည့် နိုင်ငံနှင့် လက်ခံမည့်နိုင်ငံတို့အကြား ကာလရှည် ချေးငွေ (loan)/ ထောက်ပံ့ငွေ (grant) သဘောတူညီချက်ကို အခြေခံ၍ အရေးပေါ်ဆန်လိုအပ်ချက်ကို ဖြေရှင်းပေးသည့် အစီအစဉ် ဖြစ်ပါသည်။

**APTERR ၏ လုပ်ထုံးလုပ်နည်း**

Tier-3 သည် နှစ်အလိုက် အဖွဲ့ဝင်နိုင်ငံထဲမှ Plus 3 နိုင်ငံများဖြစ်သော ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့မှ Pre-stock Pie အဖြစ် လက်ခံသိုလှောင်လိုသောနိုင်ငံများသို့ အခမဲ့လှူဒါန်းပေးပို့ သိုလှောင်ထားစေပြီး ထိုနိုင်ငံနှင့် အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ အရေးပေါ် ဆန်ရိက္ခာ လိုအပ်သော အခြေအနေတစ်ရပ်ရပ်ဖြစ်ပေါ်ပါက APTERR ၏ လုပ်ထုံးလုပ်နည်း များနှင့်အညီ အဖွဲ့ဝင်နိုင်ငံ ကောင်စီဝင်များ၏ သဘောတူညီချက်ဖြင့် ထောက်ပံ့ဖြန့်ဝေသည့် အစီအစဉ် ဖြစ်ပါသည်။

APTERR သဘောတူညီချက်အရ အဖွဲ့ဝင်နိုင်ငံများအတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အာဆီယံနိုင်ငံများမှ အရေးပေါ်ဆန် အရန်ပမာဏ စုစုပေါင်း ၈၇၀၀၀ မက်ထရစ်တန်အနက် မြန်မာနိုင်ငံအနေဖြင့် အရန်ဆန်ပမာဏ ၁၄၀၀၀ မက်ထရစ်တန်ကို Earmarked System ဖြင့် သိုလှောင်ထားရှိရပြီး အရေးပေါ်

*စာမျက်နှာ ၇ သို့*

**“APTERR သဘောတူညီချက်အရ အဖွဲ့ဝင်နိုင်ငံများအတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အာဆီယံနိုင်ငံများမှ အရေးပေါ်ဆန်အရန်ပမာဏ စုစုပေါင်း ၈၇၀၀၀ မက်ထရစ်တန်အနက် မြန်မာနိုင်ငံအနေဖြင့် အရန်ဆန်ပမာဏ ၁၄၀၀၀ မက်ထရစ်တန်ကို Earmarked System ဖြင့် သိုလှောင်ထားရှိရပြီး အရေးပေါ်လိုအပ်လာပါက အသုံးပြုရမည်ဖြစ်”**

*စာမျက်နှာ ၅ မှ*

ဖော်ဆောင်မှုတွင် ကူညီပံ့ပိုးရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ဆက်လက်ကူညီပံ့ပိုးရေးကိစ္စ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ဆက်လက်၍ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတသည် ဆက်လက်၍ ဘူတန်နိုင်ငံ၊ ကြားဖြတ်အစိုးရအဖွဲ့၏ အကြံပေးအရာရှိချုပ် ဒါရှိုရှာရင်းဝမ်ချွတ်နှင့် တွေ့ဆုံခဲ့ရာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ပေါင်းစည်းဆက်သွယ်မှု၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပူးပေါင်းဆောင်ရွက်ရေးစသည်တို့ကို ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတသည် နီပေါကုန်သည်ကြီးများအသင်း (Nepal Chamber of Commerce) မှ ဥက္ကဋ္ဌ မစ္စတာ ရာဂျစ်ရှ် ကာဂျီ ရှရက်စ်သာနှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုအပြန်အလှန်မြှင့်တင်ရေး၊ နီပေါလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ပြုလုပ်ရေး၊ ယခုနှစ်၊ အောက်တိုဘာလအတွင်း ကတ္တမန္ဒူးမြို့တွင် ကျင်းပပြုလုပ်မည့် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသရေး ကိစ္စများအတွက် ဆွေးနွေးခဲ့သည်။

ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုသည် ၁၉၉၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ဗန်ကောက်ကြေညာစာတမ်းနှင့်အတူ BIST-EC အမည်ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံမှ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီးနောက် BIMSTEC ဟု အမည်ပြောင်းလဲခဲ့သည်။ ၂၀၀၄ ခုနှစ် ထိုင်းနိုင်ငံ ဖူးခက်မြို့တွင် ကျင်းပပြုလုပ်သော (၆)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေးတွင် ဘူတန်နိုင်ငံနှင့် နီပေါနိုင်ငံတို့မှ အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့သည်။ ဘင်းမ်စတက်တွင် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍ (၁၄)ခုနှင့် အထူးပူးပေါင်းဆောင်ရွက်မှု ကဏ္ဍ (၂)ခုတို့ ပါဝင်သည်။

ထိပ်သီးအစည်းအဝေးအပြီး ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် ကတ္တမန္ဒူးမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဩဂုတ် ၃၀ ရက်က နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပသော စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ သဲနုန်းဖုံးအုပ်ပျက်စီးသည့် လယ်မြေ ၆၀၉ ဧက အား သဲနုန်းပြန်လည်ဖယ်ရှားမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ ရွှေသပြေကျေးရွာသို့ ရောက်ရှိပြီး ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် နေအိမ်များကို ကြည့်ရှုကာ ယာယီနေထိုင်နိုင်မှုအဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဘေးသင့်ကျေးရွာများရှိ သောက်ရေတွင်းများအား ရေလှယ်သန့်စင်ပေးခြင်း၊ ရေသန့်ဆေးခတ်ခြင်း၊ တွင်းနက်များအား တွင်းဆေး၊ တွင်းမှုတ်ပေးခြင်းနှင့် ရွှေ့လျားရေသန့်စင်ယာဉ်ဖြင့် သောက်သုံးရေ ဖြန့်ဝေပေးခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဆွာချောင်းရေလှောင်တမံသို့ ရောက်ရှိကြပြီး ထိခိုက်ပျက်စီးခဲ့သည့် ရေပိုလွှဲနေရာနှင့် ရေပိုလွှဲအသစ် ပြန်လည်တည်ဆောက်နိုင်ရန် ကွင်းဆင်းစစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က တမံကြံ့ခိုင်မှုစစ်ဆေးရေးလုပ်ငန်းများနှင့် ပြုပြင်မွမ်းမံရေးလုပ်ငန်းများ စတင်ဆောင်ရွက်ရန် ပညာရှင်အင်ဂျင်နီယာများ ကွင်းဆင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွာချောင်းရေလှောင်တမံ၏ ရေပိုလွှဲအသစ် ပြန်လည်တည်ဆောက်ရန် ပဏာမ မြေနေရာရွေးချယ်ခြင်း၊ အတည်ပြုသတ်မှတ်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းအပါအဝင် ဆည်တမံကြံ့ခိုင်ရေးလုပ်ငန်းများကို ကမ္ဘာ့ဘဏ်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစီမံကိန်း ADSP အရ ချေးငွေအကူအညီ တွင်ပါဝင်သော ဆည်တာတမံများ ကြံ့ခိုင်လုံခြုံရေးအစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်ရန်နှင့် နည်းပညာအကြံဉာဏ်များကို KRC မှ ကိုရီးယားပညာရှင်များက ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်သည့်အတွက် ရေရှည်အကျိုးပြုနိုင်ပြီး လုံခြုံစိတ်ချရသော ဆည်တမံဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲကျိုးပေါက်မှုကြောင့် လယ်မြေများ ရေကြီးနစ်မြုပ်ရာတွင် လယ်မြေ ၆၀၉ ဧကခန့် သဲနုန်းဖုံးအုပ်ပျက်စီးခဲ့သည့် ဆွာချောင်းအနီးရှိ မိုးစပါးစိုက်ခင်းသို့ ရောက်ရှိကြပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှ စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ငင်းနောက် ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ထိခိုက်ပျက်စီးမှုများအတွက် တောင်သူများ နစ်နာမှုမရှိစေရေး ဆောင်ရွက်ပေးမည့်အစီအစဉ်များ၊ လယ်မြေများ ပြန်လည်ဖော်ထုတ်ပြီးပါက ရာသီချိန်မီ သီးနှံအစားထိုးစိုက်ပျိုးနိုင်ရေးလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ်များ၊ ဒေသခံတောင်သူလယ်သမားများ သဘောတူညီညွတ်ပါက နောက်ပိုင်းတွင် ရေသွင်းရေထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများပါဝင်သည့် စနစ်ကျစက်မှုလယ်ယာမြေဖော်ထုတ်နိုင်ရေးကို ဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

လိုအပ်လာပါက အသုံးပြုရမည်ဖြစ်ပါသည်။

မိမိအနေဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများ တာဝန်ပေးချက်အရ ၂၀၁၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ APTERR Council Member အဖြစ် နှစ်စဉ်အာဆီယံထုံးစံအရ အက္ခရာစဉ်အလိုက် ကျင်းပသော APTERR Council Member Meeting များသို့ တက်ရောက်၍ နိုင်ငံကိုယ်စားပါဝင်ဆွေးနွေးခွင့်ရရှိခဲ့ပါသည်။ ၂၀၁၆ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသော (၄)ကြိမ်မြောက် APTERR ကောင်စီအစည်းအဝေးတွင် မိမိနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော သဘာဝဘေးများအပေါ် အခြေခံကာ ၂၀၁၇ ခုနှစ်အတွက် Tier- 3 Programme တွင် ပါဝင်လိုကြောင်း ဆွေးနွေးခဲ့ပြီး APTERR Secretariat မှတစ်ဆင့် အရန်ဆန် သိုလှောင်ထားလိုကြောင်း လျှောက်ထားခဲ့ရာ ဂျပန်နိုင်ငံမှ ဆန်တန်ချိန် ၅၀၀ နှင့် ကိုရီးယား သမ္မတနိုင်ငံမှ ဆန်တန်ချိန် ၅၀၀ ရရှိခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန၏ ရန်ကုန်၊ သန်လျင်နှင့် နေပြည်တော်၊ ပျဉ်းမနားဂိုဒေါင်များတွင် သိုလှောင်ထားခဲ့ပြီး မိမိဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ၏ ကြီးကြပ်မှုဖြင့် APTERR လုပ်ထုံးလုပ်နည်းနှင့်အညီ ဇယား(၂)ပါအတိုင်း ဖြန့်ဝေထောက်ပံ့နိုင်ခဲ့ပါသည်။

**ဆန်တန်ချိန် ၁၀၀၀၀ ထောက်ပံ့ပေး**

အထက်ဖော်ပြပါ ထောက်ပံ့မှုများသည် ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံအစိုးရများမှ မြန်မာနိုင်ငံအပေါ်ထားရှိသည့် စေတနာဖြစ်ပြီး အလားတူ အခြားအာဆီယံနိုင်ငံများသို့လည်း ထောက်ပံ့ကူညီလျက်ရှိပါသည်။ ယမန်နှစ်က Pre-Stock Pie အဖြစ် လာအိုနိုင်ငံတွင် ဂျပန်နိုင်ငံမှ လှူဒါန်းသည့် ဆန်တန်ချိန် ၂၂၅ တန်၊ ကမ္ဘောဒီးယားနိုင်ငံအတွက် ကိုရီးယားနိုင်ငံမှ လှူဒါန်းသည့် ဆန်တန်ချိန် ၂၅၀ အပြင် အာဆီယံနိုင်ငံများအနက် ဒုတိယ ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်သော ဗီယက်နမ်နိုင်ငံတွင် ၂၀၁၇ ခုနှစ်က ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ဒဏ်ခံရသည့် ဗီယက်နမ်ပြည်သူများအား ကိုရီးယားသမ္မတနိုင်ငံမှ Tier-3 အစီအစဉ်ဖြင့် ဆန်တန်ချိန် ၁၀၀၀၀ ထောက်ပံ့ပေးခဲ့ပါသည်။

ယခုနှစ်တွင်လည်း မြန်မာနိုင်ငံတွင် တွေ့ကြုံနေရသော ရေဘေးသင့်ပြည်သူများအတွက် ဆန်တန်ချိန် ၁၃၀၀ ကိုလည်းကောင်း၊ လာအိုနိုင်ငံ၊ Attapeu ပြည်နယ်၊ San-amxay ဒေသတွင် မိုးများ၍ ရေကြီးကာ ဆည်ကျိုးပေါက်ခဲ့၍ ရေကြီးမှုဒဏ်ခံရသည့် ပြည်သူများအတွက်လည်း ဆန်တန်ချိန် ၁၀၀၀ ကို ကိုရီးယားသမ္မတနိုင်ငံမှ ထပ်မံလှူဒါန်းပါလိမ့်ဦးမည်။

**ဝိုင်းဝန်းကူညီ ဆောင်ရွက်**

မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်စီးခြင်း၊ မိုးခေါင်ခြင်း ဒဏ်များကို ပြင်းထန်စွာခံစားနေရသော တိုင်းပြည်တစ်ခုဖြစ်လာသည်နှင့်အညီ သဘာဝဘေးဒဏ်များကို ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပေါ်လာပါက အသက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ဝိုင်းဝန်းကူညီရှောင်ရှားခြင်း၊ သဘာဝဘေး ကျရောက်မှုပြီးပါက ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို ဒုတိယသမ္မတ (၂) ဦးဆောင်သည့် သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီ၊ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိသည်။

**ကြိုတင် ကာကွယ်ရေး လုပ်ငန်းများ**

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံသည် ဆန်ဖူလုံမှုရှိသော တိုင်းပြည်ဖြစ်၍ ဆန်လိုသော အခြားနိုင်ငံများသို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေး အဘက်ဘက်မှ ဝိုင်းဝန်းကြိုးစားဆောင်ရွက်လျက်ရှိရာ ၂၀၁၇- ၁၈ ခုနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၅ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။ ဆက်လက်၍လည်း တောင်သူများအပါအဝင် stakeholder အားလုံး ဝိုင်းဝန်းကြိုးစားနေသကဲ့သို့ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများမှာလည်း ကြီးမားပါသည်။ စိန်ခေါ်မှုများစွာကိုလည်း ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းရင်း ရေရှည်အတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများလည်း ဒေသအလိုက် လုပ်ဆောင်ရန်များစွာရှိနေပါသဖြင့် အစိုးရ၊ ပြည်သူ၊ ပြည်ပမိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ NGO၊ INGO များ၊ CSO များ ပူးပေါင်းအားဖြင့် ဆက်လက် ဆောင်ရွက်ရပါလိမ့်ဦးမည်။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဆန်ရိက္ခာဖူလုံပိုလျှံသော နိုင်ငံဖြစ်သည်နှင့်အညီ APTERR လုပ်ငန်းစဉ်များ အတွက် Tier-3 Demand Country အဖြစ်သာမက Tier-1 အစီအစဉ်အတွက် Supply Country အဖြစ် ဆက်လက်၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိရှိစေခြင်းငှာ ရေးသားလိုက်ရပါသည်။ ။

# သတင်းထုတ်ပြန်ချက်

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်သည် ယင်း၏ ဒုတိယအကြိမ် တွေ့ဆုံမှုများကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှ ၃၁ ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ရခိုင်ပြည်နယ်တွင် အေးချမ်းတည်ငြိမ်ရေးကို ဖော်ဆောင်နိုင်ရန် ဆောင်ရွက်ရမည့်အဆင့်များအပေါ် တာဝန်ယူခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်နိုင်ရန် ARSA အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များ၊ ယင်းနှင့် ဆက်နွှယ်သည့် ကိစ္စများကို စုံစမ်းစစ်ဆေးမည် ဖြစ်ပါသည်။

ကော်မရှင်သည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့တို့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့နှင့် တွေ့ဆုံခဲ့ပါသည်။ ကော်မရှင်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များနှင့် အလုပ်သဘော နေ့လယ်စာ စားခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် သတင်းအချက်အလက်မျှဝေပေးရာတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့၏ ပွင့်လင်းမှုကို လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် များစွာ တန်ဖိုးထားပါသည်။ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းများအပေါ် အပြည့်အဝပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းတို့၏ အာမခံချက်ပေးမှုသည် ကော်မရှင်ကို အားတက်စေခဲ့ပါသည်။ ထို့အပြင် သွားရောက်ရမည့်နေရာများသို့ လုံခြုံစိတ်ချရသည့် ခရီးစဉ်ဖြစ်စေရန် ကူညီပေးမည့် ၎င်းတို့ ကတိကဝတ်ကို ကော်မရှင်က ကြိုဆိုပါသည်။

ဂါရဝပြုတွေ့ဆုံခြင်းများတွင်လည်း ရခိုင်ပြည်နယ်၏ နောက်ခံသမိုင်း၊ ရခိုင်ပြည်နယ်တွင် လက်ရှိအခြေအနေ၊ ရခိုင်ပြည်နယ်အစိုးရနှင့် ဆက်စပ်နေသော ဆောင်ရွက်လုပ်ကိုင်နေမှုများ၊ မြန်မာအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့အကြား လုပ်ငန်းဆောင်ရွက်ခြင်း၏ တိုးတက်မှုနှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းနှင့် ရည်မှန်းချက်များကဲ့သို့သော ရခိုင်ပြည်နယ်နှင့်ပတ်သက်သော အကြောင်းအရာများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

လက်ရှိဖြစ်ပေါ်နေသော အခြေအနေကို နားလည်နိုင်ရန် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ သက်ရောက်မှုရှိခဲ့သော နေရာများသို့ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် နေ့ချင်းပြန်ခရီး သွားရောက်ခဲ့ပါသည်။ ကော်မရှင်သည် ငါးခူရနှင့် ရွှေဇား စသည့် မောင်တောဒေသရှိ ကျေးရွာများသို့ သွားရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း ကော်မရှင်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံခဲ့ရာ ၎င်းက ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့နှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားသော နေရပ်စွန့်ခွာသူများကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရနှစ်ရပ်တို့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် သဘောတူလက်မှတ် ရေးထိုးခဲ့သော "အစီအစဉ်" အရ "မိမိတို့ ဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာ ဂုဏ်သိက္ခာရှိရှိ ပြန်လာရေး" မူဝါဒနှင့်အညီ ပြန်လည်ခေါ်ယူရေးအတွက် ပြည်နယ်အစိုးရ၏ ကြိုးစားအားထုတ်နေမှုများကို ရှင်းပြခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း ( UEHRD ) ၏ ဆောင်ရွက်နေမှုများနှင့် ၎င်း၏ စီမံကိန်း ၁၀ ရပ်ကိုလည်း ကော်မရှင်အား ရှင်းပြခဲ့ပါသည်။

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် မြန်မာနိုင်ငံ၏ စိစစ်ရေးလုပ်ငန်းစဉ်အပေါ် နားလည်နိုင်စေရန်နှင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များကို ကိုယ်တွေ့မျက်မြင်ကြည့်ရှုသိရှိနိုင်ရန် ပြန်လည်လက်ခံရေးစခန်းများအနက် တစ်ခုကိုစစ်ဆေးခဲ့ပါသည်။ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရောနှောနေထိုင်သော ကျေးရွာများရှိ ရခိုင်၊ မူဆလင်၊ ဟိန္ဒူစသည့် မတူညီသော လူ့အဖွဲ့အစည်းများကိုလည်း အချိန်ယူတွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ကော်မရှင်သည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅-၂၆ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များမှ အသက်မသေဘဲ လွတ်မြောက်ခဲ့သူများနှင့် ၎င်းတို့၏မိသားစုဝင်များကိုလည်း တွေ့ဆုံစကားပြောခဲ့ပါသည်။

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် "အစီအစဉ်" ကြောင့် မဟုတ်ဘဲ၊ မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသော ရှစ်ဦးပါ မိသားစုတစ်စုကို တွေ့ဆုံခဲ့ပါသည်။ ၎င်းတို့၏ နေရပ်ကိုမစွန့်ခွာမီနှင့် ပြန်လည်ရောက်ရှိပြီး အတွေ့အကြုံများအပေါ် ကော်မရှင်က ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ပါသည်။

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ယခုဒုတိယအကြိမ်တွေ့ဆုံမှုသည် အကျိုးဖြစ်ထွန်းမှုများစွာ ဖြစ်ပေါ်စေခဲ့ပြီး ထိရောက်သောဆွေးနွေးမှုများ ရှေ့ဆက်ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ ကွင်းဆင်းလေ့လာရေးခရီးစဉ်သည် ကော်မရှင်အား မြေပြင်တွင် ဖြစ်ပေါ်နေသော ပကတိအခြေအနေကို ပိုမိုသိရှိနားလည်ခွင့် ရရှိစေခဲ့ပြီး၊ မတူညီသော လူ့အဖွဲ့အစည်းများ၏ အသံများကို ကြားသိခွင့်ရရှိစေခဲ့ပါသည်။

**လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ရုံး**
**နေပြည်တော်**
**၂၀၁၈ ဩဂုတ်လ ၃၁ ရက်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ကိုရီးယားနိုင်ငံ၌ ရုပ်ရှင်ရုံအများဆုံးပိုင်ဆိုင်သော CJ - CGV ကုမ္ပဏီသို့ သွားရောက်လေ့လာ

ဆိုးလ် စက်တင်ဘာ ၁

**ကိုရီးယားသမ္မတနိုင်ငံ၌ ရုပ်ရှင်နှင့် ဗီဒီယိုဆိုင်ရာ လေ့လာရေးခရီးရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့် အဖွဲ့သည် ယနေ့တွင် ဆိုးလ်မြို့ရှိ ဟယ်အီရီအနုပညာရပ်ဝန်းနှင့် CJ- CGV ကုမ္ပဏီတို့ကို သွားရောက်လေ့လာကြသည်။**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့် အဖွဲ့ ဆိုးလ်မြို့ရှိ CJ- CGV ကုမ္ပဏီသို့ သွားရောက်လေ့လာစဉ်။

နံနက်ပိုင်းတွင် ဟယ်အီရီအနုပညာရပ်ဝန်း (Heyri Art Valley) သို့ ရောက်ရှိကြပြီး ကိုရီးယားခေတ်သစ်သမိုင်းပြတိုက် (Museum of Modern History of Korea) တွင် ကြည့်ရှုလေ့လာကြသည်။

ဟယ်အီရီ အနုပညာရပ်ဝန်းကို စာရေးဆရာများ၊ ပန်းချီဆရာများနှင့် အခြားယဉ်ကျေးမှု အနုပညာရှင်များ ပေါင်း၍ ဖန်တီးထားခြင်းဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် ပြည်တွင်းနှင့် ပြည်ပမှ အမည်ကျော် ဗိသုကာပညာရှင်များက သဘာဝရှုခင်းပုံစံများဖြင့် မြေဧရိယာ ၄၉၅၈၆၈ စတုရန်းမီတာတွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းတွင် ပြခန်းနှင့် ပြတိုက်များ၊ ရုပ်ရှင်ရုံနှင့် ဖျော်ဖြေရေးခန်းမများ၊ စာအုပ်နှင့် အနုပညာဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် တည်းခိုဆောင်များ ပါဝင်ဖွဲ့စည်းထားသည်။

မွန်းလွဲပိုင်းတွင် CJ -CGV ကုမ္ပဏီသို့ရောက်ရှိကြရာ တာဝန်ရှိသူက ၎င်းတို့ကုမ္ပဏီသည် ကိုရီးယားသမ္မတနိုင်ငံတွင် ရုပ်ရှင်ရုံ ၁၅၁ ရုံ၌ ပိတ်ကားပေါင်း ၁၀၀၀ ကျော်ရှိပြီး ၎င်းတို့နိုင်ငံတွင် ရုပ်ရှင်ရုံအများဆုံးပိုင်ဆိုင်သည့် ကုမ္ပဏီဖြစ်ကြောင်း၊ အမေရိကန်၊ တရုတ်၊ ရုရှား၊ တူရကီ၊ ဗီယက်နမ်၊ မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံတို့အပါအဝင် ရုပ်ရှင်ရုံ ၄၆၃ ရုံ၌ ပိတ်ကားပေါင်း ၄၀၀၀ ကျော်ရှိပြီး ကမ္ဘာတွင် ရုပ်ရှင်ရုံပိုင်ဆိုင်မှုအများဆုံး နံပါတ် ၅ နေရာတွင်ရှိပါကြောင်း၊ ကိုရီးယားနိုင်ငံ၏ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှုတွင် အဆင့်အတန်းမီသော ရုပ်ရှင်ရုံများစွာ တည်ထောင်နိုင်ခြင်းသည်လည်း အရေးကြီးပါကြောင်း၊ ယခုအခါ Multiplex မှ Cultureplex သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း။

ရုပ်ရှင်ကြည့်ပရိသတ် အမြဲတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ တီထွင်ဖန်တီးဆန်းသစ်မှုများဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြောင်း၊ ရေရှည်တွင် စက်ရုပ် (Robot) ဖြင့် သန့်ရှင်းရေးဆောင်ရွက်မှုမှစ၍ Smart Cinema ဖြစ်အောင် မျှော်မှန်းဆောင်ရွက်နေကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံ ၁၁ နိုင်ငံ၌ အဆင့်မီရုပ်ရှင်ရုံပေါင်း တစ်သောင်းခန့် တည်ထောင်နိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ရုပ်ရှင်လောက ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆယ်ကျော်သက်လူငယ်များကို ရုပ်ရှင်ပညာလက်ဆင့်ကမ်းပေးနိုင်ရန် ဆက်သွယ်မှုပေါင်းကူးတံတားအဖြစ် သင်တန်းပေးနိုင်ရေး ဆက်လက်ဆွေးနွေးလိုပါကြောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ပြန်လည်မေးမြန်း ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားသမ္မတနိုင်ငံရှိ ဂျွန်အန်းနိုင်ငံတကာသတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ပြင်ဆင်ဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးအတွက် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက် ကောင်းမွန်စေရေးအတွက် ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးအပိုင်းများတွင် အသုံးပြုသော စက်ပစ္စည်းများ၊ ဓာတ်အားလိုင်းကြိုးများနှင့် ထရန်စဖော်မာများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အင်တိုက် အားတိုက်ဆောင်ရွက်ကြစေလိုကြောင်း၊ ခရိုင်အဆင့်တာဝန်ရှိသူများနှင့် ဓာတ်အားခွဲရုံမှူးများမှ တစ်ဦးကောင်းတစ်ယောက်ကောင်း မဆောင်ရွက်ကြဘဲ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများကို တာဝန်ယူမှု တာဝန်ခံမှုရှိရှိဖြင့် အောက်ခြေအဆင့်ထိ စနစ်တကျတာဝန်ပေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်သူများ မျှော်လင့်တောင့်တသည့် လျှပ်စစ်မီးရရှိရေးအတွက် စည်းစည်းလုံးလုံးဖြင့် စေတနာထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လျှပ်စစ်မီးသုံးစွဲသူ တိုးတက်များပြားလာသည်နှင့်အမျှ စိန်ခေါ်မှုများမှာလည်း မလွဲမသွေ ရင်ဆိုင်ကြုံတွေ့လာရမည် ဖြစ်ကြောင်း၊ နောက်တစ်ဆင့်တက်ရန်အတွက် နောက်ပြန်မဆုတ်တမ်း ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း လက်အောက်ရှိ ခရိုင် လေးခရိုင်၏ ခရိုင်လျှပ်စစ်မန်နေဂျာများမှ မိမိတို့ခရိုင်အလိုက် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ပြင်ဆင်ဆောင်ရွက်မည့်အစီအစဉ်များ၊ ဓာတ်အားလိုင်းကြိုးများလဲလှယ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌတို့က ခရိုင်များအလိုက် တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်က ခရိုင်များအလိုက် ဆောင်ရွက်

ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီး ဒေါ်နီလာကျော်က တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများကြောင့် ထပ်မံလိုအပ်လာမည့် လျှပ်စစ်ဓာတ်အား အခြေအနေများကို လည်းကောင်း သုံးသပ်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားရယူသုံးစွဲမှုများ တိုးတက်များပြားလာသည့်အပြင် ဓာတ်အားမရရှိသေးသည့် ကျေးရွာများကို ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ ထပ်မံတိုးချဲ့တည်ဆောက်ခြင်းနှင့် ဝန်အားပိုမိုများပြားစွာ အသုံးပြုနိုင်သည့် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများကို အင်အားတိုးမြှင့်တည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၄၁ နာရီနှင့် အပြီးတည်ဆောက်လိုက်သော ဆွာချောင်းတံတားပေါ်မှ ပေ ၄၂၀ ရှိ ဘေလီတံတား

**ခရမ်း - စိုးမြင့်**

**ကျွန်တော်သည် နေပြည်တော်သို့ ကိစ္စတစ်ခုဖြင့် ဩဂုတ်လ ၂၉ ရက်နေ့ နံနက် ၄ နာရီတွင် ရန်ကုန်မှထွက်လာခဲ့ရာ နံနက် ၈ နာရီခန့်တွင် (၁၁၅) မိုင်ရောက်ပြီး Pioneer ဆိုင်တွင် နားနေသည်။ ထိုအချိန်တွင် ဆွာချောင်းတမံ၏ ရေပိုလွှဲ ကျိုးပေါက်၍ ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်ရှိ ဆွာချောင်းတံတားမှာ တိုင်များနိမ့်ကျသွားပြီး လမ်းပိတ်ထားသည်ဆိုသည့်သတင်းကို ကြားလိုက်ရသည်။ ထို့ကြောင့် အဆိုပါသတင်းများနှင့် ပတ်သက်သည့်အခြေအနေများအား သိချင်စိတ်များ ဖြစ်ပေါ်လာသဖြင့် (၁၁၅) မိုင်မှ ထွက်ခွာလာပြီး လမ်းပိတ်ထားသည်ဆိုသော ဆွာချောင်းတံတားသို့ အရောက်သွားခဲ့သည်။**

ရေဘေးကြောင့် ရေလယ်တိုင်များနိမ့်ကျသွားခဲ့သော ဆွာချောင်းတံတားပေါ်တွင် ယာယီ ဘေလီတံတား ပြန်လည်တည်ဆောက်နေစဉ်။

ကျွန်တော်ရောက်တော့ တံတားရေလယ်တိုင် နှစ်တိုင်နိမ့်ကျသွားသည်ကို တွေ့ရပြီး ကားလမ်းများလည်း ပိတ်ထားသည်။ တံတားကိုစစ်ဆေးနေသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ယောက်ကို သတင်းထောက်တွေ ဝိုင်းမေးနေကြတာကိုလည်း တွေ့ရသည်။ သူပြောတာက "ရေအစုန်ဘက်ခြမ်းက တံတားတိုင်နှစ်ခု နိမ့်သွားခဲ့ကြောင်း၊ ရေဆန်ဘက်ခြမ်းတံတားကိုတော့ တိုင်းတာရေးကိရိယာများဖြင့် တိုင်းတာပြီး စိတ်ချရလျှင် ကားလေးများကို ပေးဖြတ်မည်ဖြစ်ကြောင်း၊ ရေတည်ငြိမ်သွားပြီး တံတားကြံ့ခိုင်မှု စိတ်ချရသောအခါ ကားကြီးများ ဆက်ပေးဖြတ်မည်ဖြစ်ကြောင်း၊ နိမ့်ကျသည့်တံတားပေါ်မှလည်း ဘေလီတံတားတစ်စင်းကို ၂၄ နာရီအတွင်း အပြီးထိုး၍ အသွားလမ်း၊ အပြန်လမ်း နှစ်လမ်းသွားလို့ရအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း" ကြားသိခဲ့ရသည်။ ထို့နောက်မှာတော့ ၎င်းအစီအစဉ်နှင့်ပင် ကျွန်တော် နေပြည်တော်ရောက်ခဲ့သည်။

အင်ဂျင်နီယာ ဦးအေးမြင့်

တံတားအထူးအဖွဲ့(၄) လုပ်သား ကိုမြင့်သန်း

ရန်ကုန်-နေပြည်တော်-မန္တလေး လမ်းမကြီးကို အသုံးပြုပြီး ခရီးသွားပြည်သူ နေ့စဉ် သိန်းနှင့်ချီ သွားလာလျက်ရှိသဖြင့် အမြန်လမ်းနှင့် လမ်းဟောင်းတို့သည် အဓိက ဆက်သွယ်ရေးလမ်းများ ဖြစ်သည်။ ထိုနေ့က ဆွာချောင်းတမံ ကျိုးပေါက်မှုကြောင့် ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်လည်း (၄)ပေခန့် ရေကျော်ခဲ့က၊ တံတားတစ်စင်း ကျိုးပြီး လမ်းကို ပိတ်ထားရသည်ဆိုသည့် သတင်းက ပျံ့နှံ့သွားခဲ့ပါသည်။ အခြားမြို့ကြီးများဖြစ်သည့် မုံရွာ၊ ပုသိမ်၊ မော်လမြိုင်၊ မကွေးသို့သွားမည့် လိုင်းကား လက်မှတ်များ အရောင်းပိတ်ထားပြီး ရောင်းပြီးသား လက်မှတ်တွေ ငွေပြန်အမ်းသည့်သတင်း ထွက်ပေါ်လာပါသည်။ မြန်မာနိုင်ငံ၏ အလယ်ပိုင်းနှင့် အောက်ပိုင်းတို့သည် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားသည်နှင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စ ပြဿနာများမှာ ချက်ချင်းရှိလာနိုင်သည်မို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဘယ်လိုမျိုးစီမံဆောင်ရွက်မလဲ ဆိုသည်ကို စိတ်ဝင်စားမိခဲ့သည်။

၃၀-၈-၂၀၁၈ နံနက် ၂ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဘေလီတံတား စတင်တည်ဆောက်နေသည့်ပုံတွေ၊ ဆောက်လုပ်ရေးဝန်ထမ်းများနှင့်အတူ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူများက မိုးရွာသော်လည်း မိုးထဲလေထဲတွင် နေ့မအား ညမနား ဆောင်ရွက်နေသည့် ဓာတ်ပုံများက လူမှုကွန်ရက်တွေပေါ်မှာ တွေ့ရှိခဲ့ရပြီး ဩဂုတ်လ ၃၁ ရက်နေ့ နံနက် ၁ နာရီခန့်တွင် ဆောက်လုပ်ရေးမှ ကားတစ်စီး အသစ်ဆောက်လုပ်ထားသော တံတားပေါ် စမ်းသပ်မောင်းနှင်နေသည့်ပုံကို တွေ့လိုက်ရသည်။ ဩဂုတ်လ ၃၁ ရက်နေ့ ညနေတွင် ပေးဖြတ်မည်ဆိုသည့်သတင်းကိုလည်း ကြားသိရသဖြင့် စိတ်ဝင်စားသည့် ကျွန်တော်သည် ဆွာချောင်းတံတားသို့ နောက်တစ်ခေါက် သတင်းယူဖို့ ထပ်မံ သွားရောက်ခဲ့ပါသည်။ ကျွန်တော်ရောက်တော့ ခရီးသည်ကားနှင့် ကားငယ်များကို အဆိုပါ တံတားပေါ်မှ ပေးဖြတ်နေသည်ကို တွေ့ရှိရပြီး အချိန်တိုအတွင်းဆောက်ခဲ့သော ဘေလီတံတားဖြစ်ပေမယ့် အတော်လေး ခိုင်ခိုင်ခံ့ခံ့ သေသေသပ်သပ်ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် တံတားတည်ဆောက်ရာတွင် ပါဝင်ခဲ့သည့် AE ဦးအေးမြင့်အား တွေ့ဆုံမေးမြန်းခဲ့သည်။

"ကျွန်တော်က သရက်-အောင်လံ တံတားတည်ဆောက်ရေး အဖွဲ့မှာ တာဝန်ကျပါတယ်။ ဒီတံတားအတွက် လာကူပါဆိုလို့ ဗုဒ္ဓဟူးနေ့က ချက်ချင်းရောက်လာတာ ဖြစ်ပါတယ်။ ကျွန်တော့်လိုပဲ အခြားတံတားအဖွဲ့ ခုနစ်ဖွဲ့က လုပ်သား ၅၀၀ လောက် ရောက်လာလို့ အခုလို တံတားကို တစ်ရက်အတွင်း အပြီး တည်ဆောက်နိုင်ခဲ့တာပါ။ နေ့ရော ညပါ နေပူ မိုးရွာမရှောင် ဌာနအကြီးအကဲများကိုယ်တိုင် မအိပ်ဘဲ ကြီးကြပ်ဆောင်ရွက်နေတော့ ကျွန်တော်တို့လည်း တော်တော်ပင်ပန်းပါတယ်။ အခု တံတားပြီးသွားချိန်မှာ ပြည်သူတွေ ဖြတ်သန်းသွားလာနေတာ တွေ့တော့ ကျွန်တော့်ရင်ထဲ အလွန်ကို ပီတိဖြစ်မိပါတယ်" ဟု ဖြေကြားခဲ့သည်။

တံတားတည်ဆောက်ရာတွင် ပါဝင်ခဲ့သည့် သံပေါင်တပ်ဆင်လုပ်သား ကိုမြင့်သန်းကလည်း "ကျွန်တော်က တံတားအထူးအဖွဲ့(၁၀) လှည်းကူးကနေ လာကူတာပါ။ ဒီမှာ ကျွန်တော် မအိပ်ရတာ နှစ်ညရှိပါပြီ။ ခဏတစ်ဖြုတ်ပဲ မှေးတယ်။ ပင်ပန်းတာပေါ့ဗျာ။ ဆရာတွေကိုယ်တိုင်က မိုးထဲလေထဲမှာ ထီးမဆောင်းဘဲ ဘေးနားကနေ ကြီးကြပ်ဆောင်ရွက်နေတော့ ကျွန်တော်တို့လည်း ဘယ်နားလို့ရမလဲ။ အခု တံတားပြီးလို့ ခရီးသွားတွေက လက်ပြနှုတ်ဆက်သွားတာ မြင်ရတော့ အလွန်ကို ပျော်ရွှင်ရပါတယ်" ဟု ဖြေသွားခဲ့သည်။

ခရီးသွားကားငယ်လေးတစ်စီးပေါ်က ယာဉ်မောင်း ကိုမောင်ဦးက " ပြည်သူနဲ့အတူဆိုတာ ဒါကို ပြောတာပေါ့ဗျာ။ ပြည်သူတွေ ဒုက္ခရောက်နေတာကို ကျွန်တော်တို့ ရွေးချယ်တဲ့ အစိုးရက လျစ်လျူမရှုဘူးဆိုတာကို သက်သေပြလိုက်တာပေါ့။ အထူးကျေးဇူးတင်ပါတယ်" ဟုလည်း ပြောကြားသွားခဲ့သည်။

ထို့အတူ ခရီးသွား Express ပေါ်က ယာဉ်မောင်းတစ်ဦးကလည်း "ကျွန်တော်တို့ Express တွေက ရန်ကုန်ကို ဝင်ချိန်၊ မန္တလေးနဲ့ နေပြည်တော်ကို ဝင်ချိန်တွေကို သတ်မှတ်ထားပါတယ်။ အချိန်ဇယားနဲ့ တွက်ချက်ပြီး အဆင်ပြေတဲ့နေရာတွေမှာ ခေါက်တုံ့ခေါက်ပြန်သွားရတော့ ယာဉ်မောင်းတွေနဲ့ ခရီးသည်တွေအတွက်လည်း အဆင်ပြေ၊ ကားပိုင်ရှင်တွေအတွက်လည်း အဆင်ပြေတာပေါ့ဗျာ ။ အခုလိုကိစ္စဖြစ်သွားတော့ ကျွန်တော်တို့ Express တွေလည်း ပိတ်မိပြီး သွားလာလို့မရ၊ အချိန်ဇယားတွေကလည်း လွဲ။ ခရီးသွားပြည်သူတွေလည်း အဆင်မပြေဖြစ်တာပေါ့ဗျာ။ အခု ဒီတံတားအသစ်ကို ချက်ချင်းလုပ်ပေးလိုက်တော့ အစိုးရကို အလွန်ကျေးဇူးတင်ပါတယ်ဗျာ" ဟု ရင်တွင်းစကားလေးကို ကြားခဲ့ရပြန်သည်။

ဆွာချောင်းတံတားကို အချိန်တိုအတွင်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူကို ဦးထိပ်ထားဆောင်ရွက်နေကြောင်း သက်သေပြလိုက်သကဲ့သို့ ဖြစ်နေပါတော့သည်။ ။

---

❄ *ကျော့ဖုံးမှ*

ဩဂုတ် ၁ ရက်ကစပြီး ရေဆိုးရေညစ်များ စုပ်ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် လှိုင်းဘွဲ့မြို့နယ်အတွင်း ၃၆၂ တွင်း၊ ဖာပွန်မြို့နယ်၌ ၂၅၁ တွင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်၌ ၁၃ တွင်း၊ ကော့ကရိတ်မြို့နယ်၌ ၈၉၁ တွင်း၊ ဘားအံမြို့နယ်အတွင်း ကျေးရွာအုပ်စု ၇၁ အုပ်စုရှိ ကျေးရွာ ၃၃၈ ရွာတို့၌ ရေဝင်ရောက်ပြီး လက်လုပ်ရေတွင်း ၂၀၀၀ ကျော် ရေဝင်ရောက်ခဲ့ရာမှ ရေတွင်း ၂၀၀ ကျော်ကို ရေဆိုးရေညစ်များ စုပ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရေဝင်ရောက်သွားသော လက်လုပ်ရေတွင်းတွေကို ကျန်းမာရေးဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် Save The Children တို့ပူးပေါင်းပြီးတော့ ရေတွင်း ၂၀၀ ကျော်ကို ရေဆိုးရေညစ်များ စုပ်ထုတ်ပေးသွားမယ်။ ကျန်တဲ့ရေတွင်းတွေကိုတော့ ကလိုရင်းဆေးခတ်ပေးသွားမယ်။ အခုရေက ဒုတိယအကြိမ် ပြန်တက်လာတော့ မြို့ပေါ်မှာရှိတဲ့ရေတွင်း၊ အခြေခံပညာကျောင်းမှာရှိတဲ့ ရေတွင်းတွေကိုပဲ အဓိကထားပြီး လိုက်လုပ်ပေးနေပါတယ်" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

ဘားအံမြို့နယ်အတွင်းရှိ ရေဝင်ရောက်ခဲ့သော ရေတွင်းများကို ဩဂုတ် ၁ ရက်မှစပြီး လိုက်လံစုပ်ထုတ်ပေးလျက်ရှိရာ ရေတွင်း ၂၅ တွင်းကို ရေဆိုးများ စုပ်ထုတ်ပေးပြီးဖြစ်ကာ ရေတွင်း ၂၀၀၀ ကျော်ကိုလည်း ကလိုရင်းဆေးခတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနေဖြင့် ဘားအံမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၁၇ စုရှိ ရေတွင်းတစ်သောင်းကျော်ကို ကလိုရင်းဆေးခတ်ပေးရန် လျာထားပြီးဖြစ်ကာ ပထမအကြိမ်က ရေတွင်း ၂၀၀၀ ကျော်ကို ဆေးခတ်ပေးထားရာမှ ရေပြန်နစ်မြုပ်သွားသဖြင့် ရေဆိုးသန့်စင်ရေးလုပ်ငန်းများ ထပ်မံပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ရေပြန်ကျသွားပါက ကျန်းမာရေး စောင့်ရှောက်မှုများအပြင် ပျက်စီးသွားသော အိမ်သာများအတွက် လိုအပ်သောပစ္စည်းများကို ထောက်ပံ့ပေးရန် စီမံထားရှိကြောင်း သိရသည်။

"ကော့ပလံကျေးရွာမှာရှိတဲ့ ရေတွင်း၊ ရေကန်တွေအကုန်လုံး ရေမြုပ်သွားတဲ့အတွက် သောက်သုံးရေ အခက်အခဲရှိတယ်။ ရေမြုပ်တဲ့အချိန်မှာ ရေမသန့်လို့ ဝမ်းရောဂါ ဖြစ်တယ်။ အခုလည်း ဝမ်းရောဂါဖြစ်လာမှာကို စိုးရိမ်မိတယ်။ ရွာမှာက အိမ်ထောင်စု ၁၀၀ ကျော်ရှိတဲ့အပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကိုလာတက်နေတဲ့ နယ်ဝေးက ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်ရှိတဲ့အတွက်ကြောင့် ရေကိုသောက်သုံးလို့ရအောင် အဓိကထား ဆောင်ရွက်ပေးစေချင်ပါတယ်" ဟု ကော့ကရိတ်မြို့နယ်ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းထိုင်ဆရာတော်က မိန့်ကြားသည်။

ရေကြီးနစ်မြုပ်သွားသော ရေတွင်းများမှ ရေကိုကျိုချက်ပြီး သောက်သုံးသင့်ပါကြောင်း မသန့်ရှင်းသောရေကို သောက်သုံးခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အသည်းရောင်အသားဝါရောဂါများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။ **မင်းရာဇာ**

---

❖ *ကျော့ဖုံးမှ*

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က တစ်ကျော့ပြန် တာဝန်ပေးအပ်ထားခြင်း ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများအဖြစ် ဧပြီလက ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ပြီး စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိကျင်းပမည့် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲတွင် (ခ) အသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ နှစ်ကုန်ပိုင်းတွင်မူ ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **ညီမြတ်သော်တာ**

---

❇ *ကျော့ဖုံးမှ*

နောက်ထပ် အခြေခံပညာကျောင်း ကိုးကျောင်း ထပ်မံပိတ်ခဲ့ရသဖြင့် ယခုအခါ ကျောင်းပေါင်း ၂၃ ကျောင်း ယာယီပိတ်ထားရခြင်းဖြစ်ကြောင်း ရွှေကျင်မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

စက်တင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီခွဲတိုင်းထွာချက်အရ ရွှေကျင်မြစ်ရေ၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၀၀ အထက်မှ ၇၀၁ စင်တီမီတာ၊ စစ်တောင်းမြစ်ရေမှာ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက် ၁၁၉၄ စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **ပိန်းဇလုပ် - သိန်းညွန့်**

စစ်တောင်းမြစ်ရေ ဒုတိယအကြိမ် မြင့်တက်မှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များ ရေဝင်ရောက်သဖြင့် ဒေသခံများ လှေများဖြင့် သွားလာနေစဉ်။

# မြို့နယ်များတွင် ပြည်သူ့စကားဝိုင်းများ ကျင်းပ

**ပြည်သူများ အသိပညာဗဟုသုတ တိုးတက်လာစေရန်၊ ဌာနဆိုင်ရာများ၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ပြည်သူများ သိရှိလိုသည်များကို အစိုးရဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တိုက်ရိုက်တွေ့ဆုံမေးမြန်းပြီး ဆွေးနွေးတိုင်ပင်နိုင်ရန်၊ လူထု၏ စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ ရရှိလာစေရန် ရည်ရွယ်ချက်များဖြင့် ပြည်သူ့စကားဝိုင်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် မြို့နယ်အသီးသီးတွင် ကျင်းပလျက်ရှိသည်။**

**လဟယ်**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နာဂဒေသ လဟယ်မြို့တွင် ပထမဆုံးအကြိမ် ပြည်သူ့စကားဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ဩဂုတ် ၃၀ ရက်က ကျင်းပခဲ့သည်။

လဟယ်မြို့ မာလာတောင်အားကစားခန်းမ၌ကျင်းပသည့် အဆိုပါ ပြည်သူ့စကားဝိုင်းတွင် နာဂဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် လဟယ်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇင်မင်းဋ္ဌေးတို့က အမှာစကားပြောကြားပြီး နာဂဒေသဦးစီးအဖွဲ့မှ ဦးလောရုံ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဋ္ဌေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇေယျနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထက်ဖြိုးဝေတို့က လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးကြကာ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ နာဂရိုးရာယဉ်ကျေးမှုအဖွဲ့အစည်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အင်အား ၅၀၀ ခန့် တက်ရောက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

**မင်္ဂလာတောင်ညွန့်**

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသော ပဉ္စမအကြိမ်မြောက် ပြည်သူ့စကားဝိုင်းကို မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၁) အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ဩဂုတ် ၃၀ ရက်က ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် အထက(၁)ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်အိအိမွန်က ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မူးယစ်ဆေးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစံရှိန်၊ စာရေးဆရာ မြေလတ်ထင်ကျော်မိုး၊ မူးယစ်တပ်ဖွဲ့(၄၁)မှ ရဲအုပ်ချစ်ကိုမြင့်၊ စာရေးဆရာ ဦးကျော်စွာလင်း(မြန်မာစာ)၊ မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးအေးချိုနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဟေမာဇော်တို့က မူးယစ်ဆေးဝါး၏ အန္တရာယ်များကို ဦးဆောင်ဆွေးနွေးခဲ့ကြကာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ သိရှိလိုသည့် မေးမြန်းမှုများကိုလည်း ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြသည်။ အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း အင်အား ၂၀၀ ခန့် တက်ရောက်ဆွေးနွေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

**လွိုင်ကော်**

လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို လွိုင်ကော်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ကယားပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်က ကျောင်းသား ကျောင်းသူများအား မိမိဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံများ၊ အထူးသဖြင့် လူငယ်ဘဝက နိုင်ငံအပေါ်ထားရှိသည့် စေတနာနှင့် နိုင်ငံရေးအတွေ့အကြုံများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစန်းနွယ်က စာဖတ်ခြင်း၏အကျိုးကျေးဇူးနှင့် လူငယ့်ဘဝအားမာန် စာစုများအကြောင်းကို လည်းကောင်း၊ စာရေးဆရာ စိုးညွန့်ဝေ(လွိုင်ကော်)က စာဖတ်ခြင်းဖြင့် ကောင်းမွန်သောစိတ်ဓာတ်မွေးမြူရန်နှင့် ကျိုးကြောင်းဆင်ခြင်မှု အားကောင်းစေရန် ကြိုးပမ်းခြင်းကို လည်းကောင်း၊ ကာတွန်းပညာရှင် ကာတွန်းမျိုးကြီးက မိမိ ရည်မှန်းချက်ပန်းတိုင်သို့ လျှောက်လှမ်းရာတွင် တွေ့ရသည့် အခက်အခဲ အတားအဆီးများကို စာပေမှရရှိသည့် အတွေ့အကြုံများအသုံးချ၍ ဖြတ်ကျော်ခြင်းကိုလည်းကောင်း ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆွေးနွေးချက်များနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြကာ ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ လွိုင်ကော်တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ပါမောက္ခ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **ဉာဏ်လင်း(ကယား)**

**မြဝတီ**

ကရင်ပြည်နယ် မြဝတီမြို့ သောင်ရင်းခန်းမ၌ လူငယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြီးမှူးစီစဉ်မှုဖြင့် ဩဂုတ် ၃၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါပြည်သူ့စကားဝိုင်းတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ရွှေမြစ်မခမီဒီယာဂရု(ပ်)မှ စီအီးအို ဒေါ်မေသကြဲန်ဟိန်တို့နှင့်အတူ ခရိုင်သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ သစ်တောသစ်ပင်များ စိုက်ပျိုးကြရန်၊ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြု၍ရသောအမှိုက်၊ ပြန်လည်အသုံးပြု၍မရသော အမှိုက်နှင့် ဆွေးမြည့်လွယ်သောအမှိုက်ဟူ၍ သုံးမျိုးခွဲခြားစွန့်ပစ်သည့် အလေ့အကျင့်များ မွေးမြူ လိုက်နာဆောင်ရွက်ကြရန်၊ လေထုညစ်ညမ်းမှု လျော့ပါးစေရေးအတွက် လိုက်နာရ မည့်အချက်များကို အလေးထား လိုက်နာဆောင်ရွက်ကြရန်၊ လက်ရှိဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်များနှင့် ထိခိုက်ပျက်စီးမှုနည်းပါးစေရေးအတွက် ဆောင်ရွက် လျက်ရှိသည့်အစီအမံများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဌာနဆိုင်ရာများက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ပြည်သူများဘက်မှ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ သဘာဝဘေးနှင့်ကြုံလာပါက ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများ စသည်တို့ကို ဦးဆောင်ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော ဒေသခံပြည်သူများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး သစ်ပင်စိုက်ပျိုးသည့်စနစ်၊ လေထုညစ်ညမ်းမှုလျော့ကျစေရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ ပလတ်စတစ်အမှိုက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများ စသည့် သိရှိလိုသည့်အချက်များကို ဆွေးနွေးမေးမြန်းခဲ့ကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်တွင် ရေကျဆင်းပြီးနောက် ကယ်ဆယ်ရေးစခန်းများတွင်နေထိုင်သူအချို့ မိမိနေအိမ်သို့ပြန်

**ရေတာရှည် စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သော ဆွာချောင်းတမံ ပင်မရေပိုလွှဲ ကျိုးပေါက်မှုကြောင့် ဆွာချောင်းတစ်လျှောက်ရှိ ကျေးရွာများ အပြင် အခြားဆက်စပ်ဒေသများ ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ ကျေးလက်ဒေသနေပြည်သူများ အားထားသွားလာနေကြရသည့် သံကူကွန်ကရစ်တံတားအပါအဝင် တံတား ၁၂ စင်း ပျက်စီးသွားခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မှတ်တမ်းများအရ သိရသည်။

ဆွာမြို့အရှေ့ဘက်၌ အရှည် ၅၁၂ ပေရှိ ဆွာချောင်းဖြတ်ရေနီး သံကူကွန်ကရစ် (ကိုယ့်အားကိုယ်ကိုး) တံတားမှာ ချောင်းရေတိုက်စားမှုကြောင့် တံတားအလယ်တိုင်များ နိမ့်ကျမှုဖြစ်ပွားခဲ့၍ ယာဉ်ငယ်များ ဖြတ်သန်းခွင့်မပြုတော့ဘဲ ဆိုင်ကယ်များသာ သွားလာခွင့်ပြုထားကြောင်း သိရသည်။

"ဒီတံတားက ဆွာမြို့ဝန်းကျင်ဒေသကရော တောင်ပေါ်ဒေသတွေကပါ အားထားရတဲ့ တံတားဖြစ်တော့ ပျက်စီးဆုံးရှုံးသွားမှာကို အားလုံးက စိုးရိမ်နေကြတယ်။ တည်ဆောက်ထားရတာကလည်း ဒေသခံပြည်သူတွေ အလှူထည့်ဝင်ငွေနဲ့ ငါးနှစ်လောက် အချိန်ယူ တည်ဆောက်ထားရတာ အခုရေလယ်တိုင်တွေ နိမ့်ကုန်တော့ ချက်ချင်းပြင်လို့မရသေးဘူး နွေကာလရေနည်းချိန်ကျမှ ဝိုင်းပြီးပြန်ပြင်ကြရမှာပဲ" ဟု ရေနီးကျေးရွာနေသူတစ်ဦးက ပြောသည်။ ထို့အတူ ကုန်းကြီးကျေးရွာ၊ ဆင်ငွေ၊ ဆွာမင်းလမ်း၊ ဒိုးတန်း၊ သိုင်းဝ၊ မိချောင်းအိုင်ကျေးရွာအုပ်စုများတွင် တံတားစုစုပေါင်း ၁၂ စင်း ပျက်စီးခဲ့ခြင်း ဖြစ်သည်။ နေအိမ် ၅၀၀ ကျော်၊ ဘုန်းကြီးကျောင်း ၁၀ ကျောင်း ပျက်စီးခဲ့ပြီး စာသင်ကျောင်း ၁၁၇ ကျောင်း ကျော်ပိတ်ထားခဲ့ရသည်။

ဆွာချောင်းရေကြီးရေလျှံမှုကြောင့် ကျေးရွာအုပ်စု ၁၈ အုပ်စုအတွင်းရှိ လူဦးရေပေါင်း ၄၉၃၈၂ ဦး ရေဘေးသင့်ခဲ့ပြီး ရေဘေးကယ်ဆယ်ရေးစခန်းပေါင်း ၄၃ ခု ဖွင့်လှစ်ခဲ့ရကာ လူနေအိမ် ၅၀၇ လုံး၊ ဘုန်းကြီးကျောင်း ၁၀ ကျောင်း ရေနောက်မျောပါခြင်း၊ ယိုင်လဲခြင်းတို့ဖြစ်ပေါ်၍ အထက်တန်းကျောင်း ငါးကျောင်း၊ အထက(ခွဲ) လေးကျောင်း၊ အလက ကိုးကျောင်း အပါအဝင် စုစုပေါင်း ၁၁၇ ကျောင်း ယာယီပိတ်ထားရပြီး ယခုရေပြန်ကျသွားခဲ့ပြီးနောက် စာသင်ကျောင်း ၃၄ ကျောင်း ပြန်လည်ဖွင့်လှစ်ပြီဖြစ်ကြောင်း ယနေ့ရရှိသောသတင်းများအရ သိရသည်။

ဩဂုတ် ၃၀ ရက်မှစတင်၍ ချောင်းရေများ ပြန်လည်ကျဆင်းခဲ့ပြီး ရေဘေးကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသူများ မိမိတို့နေအိမ်များသို့ ပြန်လည်ထွက်ခွာခဲ့ကြရာ စက်တင်ဘာ ၁ ရက် စာရင်းများအရ စခန်း ၁၅ ခုသာ ကျန်ရှိတော့ပြီး ကျန်ရှိသူများမှာ သက်ကြီးရွယ်အိုများနှင့် သွားလာရေးခက်ခဲသောကျေးရွာများမှဖြစ်ကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

# အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ စိစစ်ကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ ဆေးဝါးများကိုစိစစ်ခဲ့ရာ အောက်ဖော်ပြပါ ဆေးဝါး(၈)မျိုးသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆေးဝါးများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်-

| စဉ် | ဆေးအမည် | ဆေးဘူး/ဆေးကတ်တွင် ဖော်ပြချက် |
|---|---|---|
| ၁။ | Regenta Eye / Ear Drops<br>(Gentamicin Sulphate IP eq.to Gentamicin 0.3 %w/v,<br>Methyl-Paraben Sodium IP 0.1% w/v (as preservative),<br>Sterile Aqueous Base IP q.s) | Regain Laboratories |
| ၂။ | Phenolphthalein T ablets<br>(Phenolphthalein 50 mg) | CS Pharmaceutical Co.,Ltd,<br>China |
| ၃။ | Ninazol Tablets<br>(Ketoconazole 200 mg) | T.O.Pharma Co.,Ltd, Thailand |
| ၄။ | Piyenchin Solution<br>(Naphazoline HCl Solution 1:1000) | YYJW Pharmaceutical (China)<br>Co.,Ltd |
| ၅။ | Compound Miconazole Nitrate Cream<br>(Miconazole Nitrate 20 mg, Clobetasol<br>Propionate 0.5 mg/g) | Hubei KZ Pharmaceutical<br>Co.,Ltd |
| ၆။ | Chlorpheniramine Tablets<br>(Chlorpheniramine Maleate 4mg) | K.B.Pharmaceutical Co.,Ltd.,<br>Bangkok |
| ၇။ | Diclo-M Tablets<br>(Diclofenac Sodium IP 50mg, Paracetamol IP 300mg,<br>Magnesium Trisilicate IP 100mg) | VIP Pharmaceuticals Pvt.Ltd.<br>Distt Solan-174101(H.P) |
| ၈။ | Oxytocin Injection<br>(Oxytocin USP 10 IU/ ml) | Amros Pharmaceuticals,<br>Pakistan |

၃။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထားသော ဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့် ဝယ်ယူသုံးစွဲပါရန် အသိပေးအပ်ပါသည်။ ထို့အပြင် ပြည်သူ့ကျန်းမာရေးအတွက် စောင့်ရှောက်မှုဆောင်ရွက်ပေးသူများအနေဖြင့် မိမိတို့သုံးစွဲနေသည့် ဆေးဝါးများနှင့် ပတ်သက်၍ သံသယဖြစ်ဖွယ်တစ်စုံတစ်ရာရှိပါက သတင်းပေးပို့ အကြောင်းကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ။

၄။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများကို တင်သွင်းဖြန့်ဖြူးရောင်းချခြင်း(လက်လီ/လက္ကား)လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲ ဗုဒ္ဓမြတ်စွယ်တော် မြို့တွင်းလှည့်လည်ပူဇော်ခံပွဲကျင်းပမည်

**ပြည် စက်တင်ဘာ ၁**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၁၁၉)ကြိမ်မြောက် မြတ်စွယ်တော် အပူဇော်ခံပွဲကို နိုဝင်ဘာ ၁၅ ရက်မှ ၂၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

နိုဝင်ဘာ ၁၅ ရက် နံနက် ၆ နာရီခွဲတွင် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပြီး နံနက် ၇ နာရီတွင် စေတီတော်မြတ်ကြီး ရင်ပြင်တော်မင်္ဂလာမဏ္ဍပ်၌ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ အခမ်းအနားပြုလုပ်၍ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်မည် ဖြစ်သည်။ နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် မြတ်စွယ်တော်တိုက်၌ ဗုဒ္ဓမြတ်စွယ်တော်ကို ဂန္ဓကုဋိတိုက်မှ ယာယီပင့်ဆောင်၍ ရောင်တော်ဖွင့်ပူဇော်မည် ဖြစ်သည်။

နိုဝင်ဘာ ၁၈ ရက် ညနေ ၅ နာရီတွင် ဂန္ဓကုဋိတိုက်၌ တစ်နှစ်တာ ကိန်းဝပ်စံပယ်တော်မူခဲ့သော ဗုဒ္ဓမြတ်စွယ်တော် ဖွင့်လှစ်ပူဇော်ပွဲကို ရင်ပြင်တော် ယာယီမင်္ဂလာမဏ္ဍပ်၌ ပြုလုပ်မည်ဖြစ်သည်။ နိုဝင်ဘာ ၁၉ ရက် နံနက် ၆ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အား မြတ်စွယ်တော်တိုက်၌ ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်မည် ဖြစ်ပြီး နိုဝင်ဘာ ၂၀ ရက် နံနက် ၆ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အား ကိန်းဝပ်စံပယ်ရာ မြတ်စွယ်တော်တိုက်ရှိ ရွှေပလ္လင်တော်မှ ပင့်ဆောင်ကာ ကရဝိက်ဖောင်တော်ယာဉ်ဖြင့် ပင့်ဆောင်၍မြို့တွင်းသို့လှည့်လည်ပူဇော်ခံမည်ဖြစ်သည်။ နိုဝင်ဘာ ၂၄ ရက် ည ၉ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အား တစ်နှစ်တာ ကိန်းဝပ်စံပယ်မည့် ဂန္ဓကုဋိတိုက်သို့ ပြန်လည်ပင့်ဆောင်မည်ဖြစ်သည်။

ပွဲတော်ရက်အတွင်း ဖျော်ဖြေပွဲများ၊ မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲများဖြင့် ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

## အသက်မွေးဝမ်းကျောင်းအခွင့်အလမ်း မြှင့်တင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ ဆွေးနွေး

**ပင်းတယ စက်တင်ဘာ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့နယ် ပွေးလှကျေးရွာ၌ ဒေသခံ တိုင်းရင်းသားများအတွက် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ဩဂုတ်လနောက်ဆုံးပတ်က ပြုလုပ်ခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေး၊ လူနေမှုဘဝမြင့်မားပြီး ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လာစေရေးနှင့် သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ် ထိန်းသိမ်းလာနိုင်စေရေးတို့ဖြစ်ပြီး ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းပညာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ ဖြစ်ပေါ်လာကာ ဒေသတွင်း ဘက်စုံဖွံ့ဖြိုးရေးကို ကိုယ်တိုင်စီမံခန့်ခွဲလာနိုင်စေရန် ရည်ရွယ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ပင်းတယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ ပွေးလှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ မန်နေဂျာ ဦးခင်မောင်ဦး၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ကျော်ဝင်း၊ သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်ရီရီ၊ ပွေးလှ တိုက်နယ်ဆေးရုံမှ တိုက်နယ်ဆရာဝန် ဒေါက်တာမို့မို့ကျော်နှင့် စီမံကိန်းကျေးရွာများမှ ဒေသခံတိုင်းရင်းသားများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲကို ပွေးလှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့က ဦးစီးကျင်းပခြင်းဖြစ်ပြီး အဖွဲ့အနေဖြင့် ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် သင်တန်းများ၊ ကျေးရွာအခြေပြု ငွေစုငွေချေးလုပ်ငန်းများ ထူထောင်ခြင်းနှင့် အစုအဖွဲ့ပိုင်သစ်တောများ ထူထောင်ခြင်း သင်တန်းများ၊ ရေထွက်တောများထိန်းသိမ်းခြင်း သင်တန်းများ၊ ဇီဝမျိုး စုံမျိုးကွဲ ရှားပါးမျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာသင်တန်းများနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများကို ပို့ချပေးလျက်ရှိသည်။

**ဇော်ဘီ**

## ဗန်းမော်-စီဟဲ ကွန်ကရစ်တံတားချဉ်းကပ်လမ်း ပြင်ဆင်ပြီး၍ ယာဉ်များပုံမှန်သွားလာနိုင်

**ဗန်းမော် စက်တင်ဘာ ၁**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ် ၃၀ ရက် နံနက် ၅ နာရီခွဲခန့်က ဗန်းမော်မြို့နယ် စီဟဲကျေးရွာအနီး ဗန်းမော်-မန်စီ-မန္တလေး ကားလမ်းပေါ်တွင် ရေကျော်ခဲ့ပြီး စီဟဲကျေးရွာ ကွန်ကရစ်တံတား ချဉ်းကပ်လမ်းတွင်လည်း မြေပြိုကျမှုကြောင့် ယာဉ်များ အသွားအလာပိတ်ခဲ့ရာ အမြန်ဆုံး ပြန်လည်ပြုပြင်ခဲ့သောကြောင့် ဩဂုတ် ၃၁ ရက် ညပိုင်းတွင် ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

စီဟဲကျေးရွာ၌ ဩဂုတ် ၃၀ ရက်က မိုးသည်းထန်ခြင်းကြောင့် နံနက် ၁ နာရီခန့်မှစ၍ တတိယအကြိမ်ရေကြီးမှုဖြစ်ကာ စပါးခင်းများအားလုံး ရေနစ်မြုပ်ခဲ့သလို နံနက် ၅ နာရီခွဲတွင် ကားလမ်းပေါ် ရေကျော်ခဲ့ကြောင်း၊ ထို့နောက် နံနက် ၉ နာရီခန့်တွင် စီဟဲကျေးရွာ ကွန်ကရစ်တံတား၏ စီဟဲဘက်ခြမ်း ချဉ်းကပ်လမ်း ပေ ၄၀ ခန့်ကို ရေတိုက်စား၍ မြေပြိုကျပြီး ပျက်စီးကာ ကားများ၊ ဆိုင်ကယ်များ ဖြတ်သန်းမရတော့ဘဲ ပိတ်ဆို့သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တံတားပျက်စီးသည့်နေရာသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်း၊ ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုပြီး ဩဂုတ် ၃၀ ရက် ညနေပိုင်းမှစ၍ စက်ယန္တရားများဖြင့် မြေဖို့ခြင်း၊ ယာယီဘေလီတံတား ဆောက်လုပ်ခြင်း၊ သဲအိတ်ထည့်ခြင်းစသည့် လုပ်ငန်းများကို နယ်မြေခံ တပ်မှ တပ်မတော်သားများ၊ ခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ကူညီလုပ်အားပေးမှုဖြင့် ဆောင်ရွက်ခဲ့ရာ မြေပြိုကျသောနေရာတွင် ယာယီဘေလီသံပေါင်တံတားကို ဩဂုတ် ၃၁ ရက် ည ၈ နာရီခွဲခန့်တွင် တည်ဆောက်ပြီးစီး၍ ယာဉ်ကြီး ယာဉ်ငယ်များနှင့် ဆိုင်ကယ်များအားလုံး ပုံမှန်အတိုင်း ပြန်လည်ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ -နန်းရီ**

## ဝေါမြို့နယ်မှ ပျက်စီးလယ်မြေများတွင် အချိန်မီစပါးပြန်စိုက်နိုင်ရန် အခမဲ့ထွန်ယက်ပေး

**ဝေါ စက်တင်ဘာ ၁**

စစ်တောင်းမြစ်ရေမြင့်တက်၍ ရေကြီးနစ်မြုပ်မှုကြောင့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် သဘော့ကန်ကျေးရွာမှ တောင်သူနှစ်ဦး၏ လယ်ယာမြေများ ပျက်စီးခဲ့မှုကို အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဝေါမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဩဂုတ် ၃၁ ရက်မှစ၍ အခမဲ့ ထွန်ယက်ပေးလျက်ရှိကြောင်း သိရသည်။

တောင်သူနှစ်ဦးတို့၏ ပျက်စီးခဲ့သော လယ်ယာမြေဧက ၃၀ တွင် စပါးများ အချိန်မီ ပြန်စိုက်နိုင်ရေးအတွက် ဝေါမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းထွန်းနှင့် ထွန်စက်မောင်းဝန်ထမ်းများက အခမဲ့ ထွန်ယက်ပေးနေခြင်းဖြစ်သည်။ ဝေါမြို့နယ်အတွင်း ပြီးခဲ့သည့်ရက်များက စစ်တောင်းမြစ်ရေကြီးမှုကြောင့် တမာတကေကျေးရွာ၌ တောင်သူဦးရေ ၆၈ ဦး၏ လယ်မြေဧက ၅၂၀၊ အဗျားထမင်းဆိုင်ကျေးရွာမှ တောင်သူ ၂၅ ဦး၏ လယ်မြေဧက ၁၅၀ နှင့် ရှမ်းစုကျေးရွာမှ တောင်သူ ၂၆ ဦး၏ လယ်မြေ ၁၁၈ ဧက ပျက်စီးခဲ့ရာ အဆိုပါ ပျက်စီးလယ်မြေများကိုလည်း စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၀)စက်မှုလယ်ယာစခန်း(ဝေါ)မှ ထွန်စက်ကြီးများဖြင့် အခမဲ့ ထွန်ယက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဂျိုင်းပွန်တွန်းတံတားတွင် ၂၂ ဘီးယာဉ် ဘီးချော်၍ လမ်းပိတ်ဆို့

**ဘားအံ စက်တင်ဘာ ၁**

ကရင်ပြည်နယ် ဘားအံ-မြဝတီ ကားလမ်းပေါ်ရှိ ဂျိုင်း(ကော့ကရိတ်) ပွန်တွန်းတံတား၏ ကျုံဒိုးဘက်မှ ဂျိုင်းဘက်အဆင်း ဂျိုင်းဘက်ခြမ်း တံတားပေါ်တွင် ဩဂုတ် ၃၁ ရက် နံနက် ၆ နာရီခန့်က ၂၂ ဘီးတွဲယာဉ်တစ်စီး ဘီးချော်ကျကာ ကရိန်းယာဉ်ဖြင့် ဆွဲတင်လျက်ရှိသော်လည်း ညနေ ၅ နာရီအချိန်အထိ ဆွဲတင်၍မရဘဲ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ ပွန်တွန်းတံတားပေါ်၌ လမ်းပိတ်နေချိန်တွင် ကြိုးတံတား၏အပေါ်လမ်းတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်စေရေးအတွက် ဂျိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းနိုင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မျိုးမင်းဆွေတို့ပါဝင်သော ရဲတပ်ဖွဲ့ဝင် အင်အား ၅၀ ကျော်က ကြပ်မတ်ဆောင်ရွက်ပေးခဲ့ပြီး ကြိုးတံတားပေါ်မှဖြတ်သန်းမည့် ယာဉ်ငယ်များအတွက်လည်း ကျုံဒိုးဘက်ခြမ်းနှင့် ဘားအံဘက်ခြမ်း ချိတ်ဆက်ကာ ယာဉ်ကြောကို တစ်ဖက်ပိတ် တစ်ဖက်ဖွင့်စနစ်ဖြင့် အလှည့်ကျဖွင့်ပေး၍ ယာဉ်များအန္တရာယ်ကင်းစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

## ဆင်ဘိုမြို့၌ မိုးသည်းထန်ပြီး နန့်ခတ်ချောင်းဘေးရှိ ကျေးရွာများသို့ ရေဝင်ရောက်

**မြစ်ကြီးနား စက်တင်ဘာ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်အတွင်း ဩဂုတ် ၃၀ ရက် နံနက် ၃ နာရီခွဲခန့်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆင်ဘိုမြို့ပတ်ဝန်းကျင် နန့်ခတ်ချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများ၏ အနိမ့်ပိုင်းနေရာများမှ လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရေဝင်ရောက်ခဲ့သည့် ကျေးရွာများတွင် ပြည်သူများ၏ နေအိမ်များအတွင်းမှ ပစ္စည်းများပြောင်းရွှေ့ပေးခြင်းနှင့် လိုအပ်သောအကူအညီများပေးခြင်းတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးခဲ့ကြပြီး ရေပြန်ကျချိန်တွင်လည်း အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားပေးခဲ့ကြကာ နေအိမ်ခြံစည်းရိုးများ ပျက်စီးမှုများကိုလည်း ပြုပြင်ပေးခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ပင်တော်ကျေးရွာတွင် အိမ်အချို့ထဲသို့ ရေတစ်ပေခွဲခန့်၊ တောပင်လုံကျေးရွာတွင် အိမ်ခြေ ၅၀ ခန့်အတွင်းသို့ ရေနှစ်ပေမှ လေးပေအထိနှင့် မံကင်းကျေးရွာတွင် နေအိမ်အချို့အတွင်းသို့ ရေနှစ်ပေအထိ ဝင်ရောက်ခဲ့ကာ ရေဝင်ရောက်မှုများကြောင့် နေအိမ်များအောက်တွင် သိုလှောင်ထားသော စပါး ၇၄ တင်းနှင့် ဆန်အိတ်များ ရေစို၍ ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ထို့အတူ အနိမ့်ပိုင်းကျေးရွာများမှ လယ်မြေပေါင်း ၁၇ ဒသမ ၅ ဧကနှင့် ပြောင်းစိုက်ခင်း ၃၃ ဒသမ ၅ ဧကသို့လည်း နန့်ခတ်ချောင်းရေများ ဝင်ရောက်လျက်ရှိပြီး ရေကြီးချိန်အတွင်း ဒေသခံပြည်သူများ မွေးမြူထားသော ကျွဲသုံးကောင် ပျောက်ဆုံးလျက်ရှိကြောင်းလည်း ဒေသခံပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံတကာဖိတ်ခေါ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် အာရှနိုင်ငံတကာ ဖိတ်ခေါ်အသက် (၄၀ နှစ်)နှင့်အထက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ 6th Asia Basketball Veteran International Tournament, 2018 အား နှစ်စဉ် Veteran က ဦးစီးကျင်းပပေးလျက်ရှိပြီး ယခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အလှည့်ကျရောက်သည့်အတွက် အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ဘတ်စကက်ဘောအားကစားနည်း ချစ်မြတ်နိုးသူများ ပိုမိုရင်းနှီးချစ်ခင်မှုဖြစ်စေရန်၊ ဘတ်စကက်ဘောအားကစားနည်း တိုးတက်ပြန့်ပွားရေးအတွက် အတွေ့အကြုံများ ဖလှယ်နိုင်ရန် ရည်ရွယ်၍ ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါပြိုင်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက အသက်(၄၀ နှစ်)နှင့်အထက်၊ အသက်(၅၀ နှစ်)နှင့်အထက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ယဉ်ကျေးမှုအကအဖွဲ့ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ထို့အပြင် အမျိုးသား အသက်(၆၀ နှစ်)နှင့်အထက် ပြိုင်ပွဲများ၊ အမျိုးသမီး အသက် (၄၀ နှစ်)နှင့်အထက် ပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံ လေလုံအားကစားရုံ၌ ယှဉ်ပြိုင်ကစားကြသည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာ၊ တရုတ်၊ မကာအို၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်နိုင်ငံအသီးသီးမှ လက်ရွေးစင်ဟောင်းများ ပါဝင်သည်ဖြစ်ရာ အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်၍ ပြိုင်ပွဲဝင် အားကစားသမား ၄၅၀ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ပြီး ပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်အထိ မည်သူမဆိုအခမဲ့ ဝင်ရောက်အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

**အေကေလင်း၊ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# (၄၇)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ(ရန်ကုန်ဇုန်)ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

(၄၇)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို အမှတ်(၁) ရဲဒေသမှူး ရဲမှူးကြီး မင်းဇော်ဦး၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူးရုံးမှ ဦးစီးအရာရှိ (ပထမတန်း)ဒုတိယရဲမှူးကြီး ဇော်မိုးနှင့် ရဲအရာရှိကြီးများ၊ အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့၊ အမှတ်(၄) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့တို့မှ ယှဉ်ပြိုင်မည့် အားကစားတပ်ဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့ကြသည်။

ပြိုင်ပွဲတွင် အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့အသင်းနှင့် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ အသင်းတို့ ယှဉ်ပြိုင်ကစားရာ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စာရေးဆရာ ခင်မောင်တိုး(မိုးမိတ်)ကွယ်လွန် (၁၉၃၇-၂၀၁၈)

ဆရာ ခင်မောင်တိုး (မိုးမိတ်)အား ၁၉၃၇ ဇူလိုင်လ ၇ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့၌ မွေးဖွားခဲ့ပြီး မိဘနှစ်ပါးမှာ ဦးသာဗျော်နှင့် ဒေါ်ဒေါ်မှုံဖြစ်သည်။ မိုးမိတ်မြို့အစိုးရအထက်တန်းကျောင်းတွင် သူငယ်တန်းမှ ရှစ်တန်းအောင်သည်အထိ ပညာသင်ယူခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် မန္တလေးမြို့ တိုင်းချစ်အလွတ်ပညာသင် အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူခဲ့ကာ အဆိုပါကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ဝါဏိဇ္ဇဘာသာတွဲဖြင့် ရန်ကုန်တက္ကသိုလ်တွင် တက်ရောက် ပညာသင်ယူခဲ့ပြီး ၁၉၆၀ တွင် ရန်ကုန်တက္ကသိုလ်မှ ဥပစာဝါဏိဇ္ဇတန်း အောင်မြင်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် တောင်ငူမြို့ သမ္မတအလွတ်ပညာသင် အထက်တန်းကျောင်း ကျောင်းအုပ်ရာထူးဖြင့် အင်္ဂလိပ်ဘာသာကို သင်ပြခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် အင်္ဂလိပ်စာ ကျူရှင်ဆရာအဖြစ် အသက်မွေးခဲ့ပြီး ကျူရှင်ဆရာအဖြစ် အသက်မွေးနေသည့်အတွင်းမှာပင် ဝတ္ထုတိုများကို ရေးသားကာ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ခဲ့သည်။

၁၉၇၅ ခုနှစ် ဇွန်လထုတ် ငွေတာရီမဂ္ဂဇင်းတွင် အဖြေနှစ်ခုဝတ္ထုကို ပထမဆုံးဖော်ပြခံခဲ့ရပြီး သည့်နောက် မိုးဝေစာပေမဂ္ဂဇင်းတွင် ဝတ္ထုတိုများ ဆက်တိုက်ရေးသားခဲ့သည်။ ၁၉၈၃ တွင် ပညာရေးလောကမှ ထွက်ခွာကာ စာပေလောကထဲဝင်ရန် ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် ဦးအောင်မြင့် (B.A; B.L) နှင့် တွဲ၍ ရွှင်ပြုံးလေ့လာအင်္ဂလိပ်စာ စာအုပ်ထုတ်ခဲ့သည်။

၁၉၈၆ တွင် အင်္ဂလိပ်စာ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အရေးစာအုပ်ကို အလှဒဿနစာအုပ်တိုက်မှ ထုတ်ဝေခဲ့ပြီး ၂၀၁၂ ခုနှစ် ဧပြီလထိ မြန်မာနှင့် နိုင်ငံတကာဟာသများ၊ ရိုးရာဓလေ့ပုံပြင်များ၊ နိုင်ငံစုံပုံပြင်များ၊ နိုင်ငံတကာဝတ္ထုတိုများ၊ ဘာသာပြန် ရသစာအုပ်များ၊ ဘာသာပြန် ဝတ္ထုတိုများကို ရေးသားထုတ်ဝေခဲ့သည်။ ဆရာရေးသားထုတ်ဝေခဲ့သော စာအုပ်များမှာ ၈၀ ကျော်ဖြစ်သည်။

ဆရာသည် အမှတ် ၁၈၃၊ ဒုတိယထပ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း ကျိုက္ကဆံရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့တွင် နေထိုင်ခဲ့ပြီး ဇနီး ဒေါ်အေးရီမှာ ကွယ်လွန်ခဲ့ပြီးဖြစ်သည်။

ဆရာခင်မောင်တိုး(မိုးမိတ်)သည် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့ နံနက် ၂ နာရီတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်ခဲ့ပြီး သမီး မခင်သက်နှင်းအေး၊ သားမောင်ခွန်ပြည်အေး၊ မောင်စိုင်းဆုမြတ်၊ သမီး နန်းဇင်ထွေးနှင့် မြေးသုံးဦး ကျန်ရစ်ခဲ့သည်။ **ဇော်ဝင်းဇော်**

## မုတ်သုံလေ အားအသင့်အတင့်ရှိမည်

**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ **မိုး/ဇလ**

# အာဆီယံ ယူ-၂၂ ပြိုင်ပွဲကို ၂၀၁၉ ခုနှစ်တွင် ပထမဆုံးကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံယူ-၂၂ ပြိုင်ပွဲကို ၂၀၁၉ ခုနှစ်တွင် ပထမဆုံးကျင်းပမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပသည့် အာဆီယံဘောလုံးအဖွဲ့ချုပ် ကောင်စီအစည်းအဝေးတွင် အတည်ပြုခဲ့ပြီး အိမ်ရှင်နိုင်ငံအဖြစ် ကမ္ဘောဒီးယားနိုင်ငံကို ရွေးချယ်ခဲ့သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် လက်ရှိတွင် ယူ-၁၅၊ ယူ-၁၆ ပြိုင်ပွဲ၊ ယူ-၁၈၊ ယူ-၁၉ ပြိုင်ပွဲများ ကျင်းပလျက်ရှိပြီး လက်ရွေးစင်အဆင့်နှင့် ယူ-၁၉ ကြားတွင် ပြိုင်ပွဲမရှိသောကြောင့် ယူ-၂၂ ပြိုင်ပွဲအား စတင်ကျင်းပခြင်းဖြစ်သည်။ ထို့ကြောင့် လာမည့်နှစ်တွင် အရှေ့တောင်အာရှအသင်းများအနေဖြင့် အာရှနှင့် အာဆီယံအဆင့် ယူ-၂၂ ပြိုင်ပွဲသုံးပွဲအထိ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာဆီယံ ယူ-၂၂ ပြိုင်ပွဲအပြင် အာရှ ယူ-၂၃ ခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲတို့ပါ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲကို ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အောင်မြင်မှုရရန် ကြိုးပမ်းရမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် လက်ရှိတွင် အာဆီယံအဆင့် ယူ-၁၅၊ ယူ-၁၆ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ၊ ယူ-၁၈၊ ယူ-၁၉ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံဆုဇူကီးဖလား အမျိုးသားပြိုင်ပွဲနှင့် အာဆီယံအမျိုးသမီးပြိုင်ပွဲတို့ ကျင်းပလျက်ရှိသည်။

**ရဲရင့်ရှိုင်း**

# မြို့နယ်အုပ်ချုပ်ရေးမှူးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဆွမ်ပရာဘွမ်၌ ကျင်းပ

**ဆွမ်ပရာဘွမ် စက်တင်ဘာ ၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပသည့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၁ ရက် ညနေ ၂ နာရီက မြို့နယ်ဘောလုံးအားကစားကွင်း၌ကျင်းပခဲ့သည်။

ကွင်းဖွင့်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းနေရာယူကြကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်တိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဌေးဝင်းနှင့် မြို့နယ်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဘင်ခရာအဖွဲ့မှ နိုင်ငံတော်သီချင်း တီးမှုတ်၍ တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုခဲ့ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ဒိုင်အဖွဲ့မှ ဘောလုံးပြိုင်ပွဲတွင် လိုက်နာရမည့် စည်းကမ်းချက်များ ရှင်းလင်းပြောကြားသည်။ အဖွင့်ပွဲစဉ်အဖြစ် မြို့မရပ်ကွက်ဘောလုံး အသင်းနှင့် ဖုန်ချန်ကျေးရွာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြို့မရပ်ကွက်ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် အမျိုးသားအသင်း ငါးသင်း၊ အမျိုးသမီးအသင်း သုံးသင်းတို့က ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပထမဆုဖလား၊ ဆုတံဆိပ်နှင့် ဆုငွေကျပ် ၂၅၀၀၀၀၊ ဒုတိယဆုတံဆိပ်နှင့် ဆုငွေကျပ် ၁၈၀၀၀၀၊ တတိယဆုတံဆိပ်နှင့် ဆုငွေကျပ် ၁၅၀၀၀၀ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## ပျဉ်းမနားမြို့ အခြေခံပညာအထက်တန်းကျောင်းများတွင် မူးယစ်ဆေးဝါးအသိပညာပေး

**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ကြီးကြပ်ကာ ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါး၏ ဆိုးကျိုး၊ ပြစ်ဒဏ် စသည့်အသိပညာများရရှိစေရန် ဩဂုတ် ၃၁ ရက် နေ့လယ်ပိုင်းက ပျဉ်းမနားမြို့ အမှတ်(၁) အ.ထ.ကနှင့် အမှတ်(၂) အ.ထ.ကတို့တွင် ဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးမြင့်နိုင်က ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများနှင့် မူးယစ်ဆေးစွဲသူ၏ လူညွန့်တုံးမှုများကို အသိပညာပေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုကြည်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## မြန်မာ့ရုပ်မြင်သံကြား

၂-၉-၂၀၁၈(တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - တရုတ်ကာတွန်း "တောပျော်မျောက်ကလေး ကျွမ်ကျွမ်"(အပိုင်း- ၄)
၉း၁၅ - ဇာတ်လမ်းအတိုအထွာပြုံးစရာ "ရပ်ကွက်လူမိုက်"
၉း၂၅ - "မြန်မာပြည်ကနေ့ရက်များကို ရှာဖွေစူးစမ်းခြင်း"
၁၀း၀၀ - Sunday Talk
၁၁း၂၀ - ကျန်းမာရေးမဂ္ဂဇင်း "တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ"
၁၂း၃၀ - This Week's Special Interest
၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "ပုလဲအရောင်မမှိန်"(ခင်မောင်ချင်း၊ ကောလိပ်ဂျင်နေဝင်း၊ စမ်းစမ်းဝင်း၊ မေဝင်းမောင်) (ဒါရိုက်တာ- ချစ်စိန်)

**ညပိုင်း**

၁၇း၃၀ - Sunday Talk
၁၈း၂၀ - လေ့လာစရာစုံလင်အမိမြန်ပြည် တစ်ခွင် "မျိုးချစ်စိတ်ဓာတ်ကို ထင်ဟပ်အင်းဝဆင်ကျုံးခံတပ်"
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြွေးမပြေ (အပိုင်း- ၁၉)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - စိမ်းလန်းပြီးရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သစ်တောများ၏အခန်းကဏ္ဍ
- In & Out "China ခရီးစဉ်" (အပိုင်း- ၁)(လေးဖြူနှင့်အဖွဲ့)
- နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း- ၁၇)
- ပြည်သူ့နီတိ "လက်ဆောင်" (အိစိကွေး၊ ယဉ်မင်းပိုက်) (ဒါရိုက်တာ- မိုးဇော်ကို)

# မန္တလေးမြို့၌ လည်ပင်းကိုဓားဖြင့်လှီး၍ ဆိုင်ကယ်လုယူသွားသူအား ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်နေ ကျော်ကျော်ဦး (၄၂ နှစ်)သည် ဩဂုတ် ၂၉ ရက် ည ၁၀ နာရီက မဟာမြိုင်(၂)ရပ်ကွက်ရှိ မနော်ရမ္မ ကစားကွင်းရှေ့လမ်းဘေးတွင် ၂၄ယ/---- YAMA-HAFINO ဆိုင်ကယ်ကို ရပ်ပြီး ဖုန်းပြောနေစဉ် ၆၂ လမ်းအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ လမ်းလျှောက်လာသည့် အမျိုးသားတစ်ဦးက နောက်မှ ရောက်ရှိလာကာ ကျော်ကျော်ဦး၏ လည်ပင်းအား ဓားဖြင့်လှီးရာ လေးလက်မခန့် ပြတ်ရှဒဏ်ရာ တစ်ချက်(စိုးရိမ်ရ)ရရှိ၍ လဲကျသွားစဉ် ဆိုင်ကယ်အား အဆိုပါလူက လုယူပြီး ၆၂ လမ်းအတိုင်း မောင်းနှင်ထွက်ပြေးသွားကြောင်း သိရှိရသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ မဟာအောင်မြေမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့သည်။

ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းဖမ်းဆီးခဲ့ရာ ဩဂုတ် ၃၁ ရက် နံနက် ၆ နာရီ ၁၅ မိနစ်တွင် ချမ်းမြသာစည်မြို့နယ်နေ အောင်ကို(၂၂နှစ်)အား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် သက်သေခံ ဓား၊ လုယူသွားသည့် သက်သေခံဆိုင်ကယ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် ဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

# ကျိုင်းတုံမြို့နယ်၌ လူကုန်ကူးမှုနှင့်ပတ်သက်သူများ ဖမ်းဆီးရမိ

**ကျိုင်းတုံ စက်တင်ဘာ ၁**

ကျိုင်းတုံနယ်မြို့အတွင်းရှိ ကျေးရွာများမှ အမျိုးသမီးငယ်များကို မိုင်းလားဒေသတွင် အလုပ်အကိုင်ရမည်ဟု စည်းရုံးခေါ်ဆောင်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရုတ်နိုင်ငံသားများနှင့် လက်ထပ်ပေးစားပြီး အခကြေးငွေ ရယူလေ့ရှိသူ ယခင်ကျိုင်းတုံခရိုင် တုံတာမြို့တွင်နေပြီး ယခုတရုတ်နိုင်ငံ တာလောမြို့၌ နေထိုင်သူ ချစ်ဆွေဆိုသူကို ဖမ်းဆီးအရေးယူထားကြောင်း ကျိုင်းတုံမြို့အမှတ်(၁၈)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ သိရသည်။

အဆိုပါ ချစ်ဆွေဆိုသူသည် ကျိုင်းတုံသို့ ရောက်ရှိနေကြောင်း သတင်းအရ နယ်စပ်ထွက်လမ်းကြောင်းများနှင့် မြို့နယ်အတွင်း စုံစမ်းရှာဖွေ စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် အမှတ်(၁၈)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ် ဝသန်ကျော် ဦးစီးသည့် တပ်ဖွဲ့ဝင်များက ကျိုင်းတုံ-မိုင်းခတ်သွားလမ်း ဝမ်တာပုံ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် တာလောသို့ပြန်ရန် ဆိုင်ကယ်မောင်းနှင်လာသော ချစ်ဆွေကို တွေ့ရှိပြီး ကျိုင်းတုံမြို့ လူကုန်တားတပ်ဖွဲ့စုသို့ ခေါ်ဆောင်၍ စစ်ဆေးမေးမြန်းခဲ့သည်။

ချစ်ဆွေသည် ဇူလိုင်လအတွင်းက တုံတာမြို့ ပါပီရွာနေ အသက် ၁၈ နှစ်အရွယ် မနာတဲ(ခ) အယ်တဲကို တရုတ်နိုင်ငံသားနှင့် ပေးစားရန် မနာတဲ၏ မိသာစုအား စည်းရုံးခဲ့ကြောင်း၊ ထို့နောက် ၎င်းသည် တရုတ်နိုင်ငံ တာလောမြို့မှ စောင့်ဆိုင်း၍ မနာတဲကို ပွဲစားမှတစ်ဆင့် တရုတ်နိုင်ငံ ခွေးမှင်မြို့တွင် နေထိုင်သည့် တရုတ်နိုင်ငံသားတစ်ဦးထံ တရုတ်ယွမ်ငွေ လေးသောင်းဖြင့် ရောင်းစားခဲ့ကြောင်း သိရသည်။

ရရှိသည့် ယွမ်ငွေ လေးသောင်းကို မနာဟယ်က သုံးသောင်း၊ ချစ်ဆွေက ငါးထောင်၊ တာလောမှ ပွဲစားတို့က ငါးထောင် အသီးသီးခွဲဝေယူကြောင်း စစ်ဆေးသိရပြီး ၎င်းတို့အား ဖမ်းဆီးကာ တုံတာရဲစခန်းတွင် အမှုဖွင့်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်မောင်နိုင်(ကျိုင်းတုံ)**

# ကျောက်ဆည်နည်းပညာတက္ကသိုလ်ကျောင်းသား သေဆုံးမှုတွင် ပြစ်မှုကျူးလွန်သူများအား စက်တင်ဘာ ၁၃ ရက် ရုံးထုတ်စစ်ဆေးမည်

**နေပြည်တော် စက်တင်ဘာ ၁**

ဩဂုတ် ၃၀ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ မှုခင်းသတင်းစာမျက်နှာတွင် သတင်းထောက် ကိုရဲ ရေးသားသည့် စကားများရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်၍ လူသေဆုံးသတင်းကို ဖော်ပြခဲ့ရာ အချက်အလက်အပြည့်အစုံမှာ သေဆုံးသွားခဲ့သူသည် ကျောက်ဆည်နည်းပညာတက္ကသိုလ်မှ တတိယနှစ် MP တက်ရောက်နေသည့် ကျောင်းသားတစ်ဦးဖြစ်ပြီး မြို့မရဲစခန်းက အခင်းဖြစ်ပွားရာနေရာအနီးရှိ စီစီတီဗွီ ကင်မရာမှတစ်ဆင့် ဖြစ်စဉ်ကို အသေးစိတ်စုံစမ်း၍ ပြစ်မှုကျူးလွန်သူများအား ပ ၃၇၁/၂၀၁၈၊ ပုဒ်မ ၃၀၂၊ ၃၉၄၊ ၁၁၄ တို့ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၉ ရက် ည ၁၀ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက် ဇူအဆောင်တွင် နေထိုင်သည့် မောင်သန့်ဇင်မင်း တတိယနှစ် စက်မှုနည်းပညာတက္ကသိုလ်သည် သူငယ်ချင်းဖြစ်သူ အေးမြကြည်လင်ရပ်ကွက် အန်တီလပ်အဆောင်နေ မောင်နေမင်းထက် တတိယနှစ် MP နှင့်အတူ ဆိုင်ကယ်စီးနင်းလာစဉ် ညောင်ခြောက်ပင်ရပ်ကွက် မေသောင်းအဆောင်ရှေ့အရောက် လူသုံးဦးစီးနင်းလာသည့် ဆိုင်ကယ်နှင့် တိုက်မိမလိုဖြစ်ပွားခဲ့ပြီး ပြစ်မှုကျူးလွန်သူများက နေမင်းထက်ထံမှ လက်ကိုင်ဖုန်းကိုတောင်းပြီး စကားများရာမှ ဝိုင်းဝန်းထိုးကြိတ်ခဲ့ကြကြောင်း၊ ကျောင်းသားနှစ်ဦးအနက် မောင်နေမင်းထက်သည် ဓားဒဏ်ရာများရရှိပြီး ကျောက်ဆည်ဆေးရုံသို့ တင်ပို့ကုသစဉ်မှာပင် သေဆုံးသွားခဲ့ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ သိရှိရသည်။

သေဆုံးသွားသည့် ကျောင်းသားကို ထိုးကြိတ်ရိုက်နှက်သည့် အခင်းဖြစ်ပွားရာအနီးတွင် တပ်ဆင်ထားသည့် စီစီတီဗွီကင်မရာမှ မှတ်တမ်းများ လူမှုကွန်ရက်တွင်လည်း ပျံ့နှံ့သွားသည်ကို မြင်တွေ့ရသူ ပြည်သူများက သေဆုံးသူကျောင်းသားအပေါ် ကရုဏာသက်ခဲ့ကြသည်။ ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် အေးမြကြည်လင်ရပ်ကွက်မှ အလီဘိုင်(ခ)မင်းခန့်ကျော်၊ အောင်သူဟိန်းနှင့် မင်းချစ်အောင်တို့အား မြို့မရဲစခန်းက စီစီတီဗွီကင်မရာမှ အချက်အလက်များပေါ် ခြေရာခံလိုက်ရာ နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့ကို ဖမ်းဆီးရမိချိန်တွင် သေဆုံးသူကျောင်းသား မောင်နေမင်းထက်၏ လက်ကိုင်ဖုန်းကို သက်သေအဖြစ် အခြားသက်သေခံပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ၎င်းတို့အား မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး စက်တင်ဘာ ၁၃ ရက်တွင် စတင်ရုံးထုတ်စစ်ဆေးမည် ဖြစ်ကြောင်း ထပ်မံသိရှိရသည်။ **မြန်မာ့အလင်း**

# အရက်အတူသောက် စကားများရာမှ လူသတ်အလောင်းဖျောက်သူများအား ဖမ်းဆီးရမိ

**ဘီးလင်း စက်တင်ဘာ ၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဝင်းကကျေးရွာ၌ ဩဂုတ် ၃၀ ရက် ညနေပိုင်းက လူသတ်၍ မြေမြှုပ်ထားသော အလောင်းတစ်လောင်း တွေ့ရကြောင်း တိုင်တန်းချက်အရ ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့် ကြီးကြပ်၍ တောင်စွန်းနယ်မြေရဲစခန်းမှ စုံစမ်းဖော်ထုတ်ရာ ဩဂုတ် ၃၁ ရက်က ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိကြောင်း သိရသည် ။

ဖြစ်စဉ်မှာ ဝင်းကကျေးရွာနေ ဒေါ်လှသန်းသည် လယ်ကွင်းသို့အသွား လယ်ကန်သင်းအနီးတွင် အပုပ်နံ့များရသဖြင့် ကြည့်ရှုရာ လူသေအလောင်းတစ်လောင်းကို မြှုပ်နှံထားသည့် ပုံသဏ္ဌာန်ကို တွေ့ရှိ၍ တောင်စွန်းနယ်မြေရဲစခန်းသို့ အကြောင်းကြားခဲ့သည်။ တောင်စွန်းနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ သေဆုံးသူသည် ဇော်မျိုးဦး (ခ) အညာသား မရမ်းကျောင်းကျေးရွာ ပဲခူးမြို့နယ်နေသူဖြစ်ပြီး စုံစမ်းဖော်ထုတ်ချက်အရ ၎င်းသည် ဝင်းဇော် ဝင်းကကျေးရွာ ဘီးလင်းမြို့နယ်နှင့် ချစ်ဦး(ခ)ကတုံး အရက်သီမကျေးရွာ ဘီးလင်းမြို့နယ်တို့နှင့်အတူ အရက်သောက်စားရာမှ စကားများ ရန်ဖြစ်ပြီး ဓားဖြင့်ခုတ်၍ မြေမြှုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူ ဝင်းဇော်နှင့်ချစ်ဦးတို့အား ဖမ်းဆီးစစ်ဆေး အရေးယူထားကြောင်း သိရသည် ။ **ခွန်(ဝင်းပ)**

# ပုဗ္ဗသီရိမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်ရဲတပ်ဖွဲ့ ဦးစီး(၁)ဌာနစိတ်မှ ရဲအုပ် နေလင်းကိုကိုနှင့်အဖွဲ့သည် ဩဂုတ် ၃၀ ရက် ညနေ ၅ နာရီက ပုဗ္ဗသီရိမြို့နယ် နေပြည်တော် ကောင်စီလမ်းနှင့် ရာဇဌာနီလမ်းထောင့်၌ မသင်္ကာဖွယ်တွေ့ရှိရသူ ထွန်းထွန်းဝင်း(ခ) ကိုထွန်းကို စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈ ပြားနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့၍ ပဏ္ဍာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

# ထီးချိုင့်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

**ထီးချိုင့် စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ကြို့ကုန်းကျေးရွာအတွင်းမှ ကာလတန်ဖိုးငွေကျပ် ၈၉ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁၂ ခွဲခန့်တွင် ထီးချိုင့်မြို့နယ် ကမ်းနီနယ်မြေ ရဲကင်းစခန်းမှူး ရဲအုပ်သိန်းဇော်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ထီးချိုင့်မြို့နယ် ကြို့ကုန်းကျေးရွာနေ မမိမာ(ခ) မနှင်းမာ၏ နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်း၏ အိမ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈၀ ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးလက်ဝယ်ကိုင်ဆောင်သူ မမိမာ(ခ)မနှင်းမာ ကြို့ကုန်းကျေးရွာ ထီးချိုင့်မြို့နယ်နေသူအား ထီးချိုင့်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ကော့သောင်းနှင့် တောင်ကြီးမြို့နယ်တို့၌ မူးယစ်ဆေးများ ဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၁**

မူးယစ်တပ်ဖွဲ့စု(၃၄) ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာ ဗိုလ်ချုပ်လမ်းနေ ကျော်နိုင်ထွေး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာ ဗိုလ်ချုပ်လမ်းနေ နေလင်းဖြိုး(ခ)ငပျော့၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားနှင့် တူမီးသေနတ် နှစ်လက်တို့ကို လည်းကောင်း။

အလားတူ ဩဂုတ် ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့အဝင် လေးမိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ထွန်းဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၃၁ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၄၈ စီး၊ သွင်းကုန် ၇၇၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၁ စီး၊ သွင်းကုန် ၁၂၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးကျပ် ၂ ဒသမ ၉၆၀ သိန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၅၆ သိန်းခန့် စုစုပေါင်းတားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၅၁၆ သိန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့်ဩဂုတ် ၃၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီးနှင့် ၁၂ ဘီးယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ရေကူးမျက်မှန် ဖာ ၈၀ နှင့် အမျိုးသားဝတ်အင်္ကျီ ၁၆ ထုပ် စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၈၄၀ သိန်းခန့်အား စစ်ဆေးတွေ့ရှိ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ဩဂုတ် ၃၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် Nissan Diesel (12W) ယာဉ်တစ်စီးနှင့် Mitsubishi Fuso (12W)ယာဉ်တစ်စီးတို့အား စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားမဝင်ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် ကွမ်းစားဆေးများ (50g× 10× 30)(50 Pkgs) ၊ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Brand New Forklift 'KION BAOLI' C/O China (1 Unit) နှင့် အဆိုပါပစ္စည်းများသယ်ဆောင်သည့်ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၇၁ ဒသမ ၈၈၈ သိန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပါလက်စတိုင်းဒုက္ခသည်များအတွက် ကုလသမဂ္ဂကယ်ဆယ်ရေးအေဂျင်စီကို ငွေကြေးထောက်ပံ့နေမှု အမေရိကန်ရပ်ဆိုင်းတော့မည်

ဝါရှင်တန် စက်တင်ဘာ ၁

**အမေရိကန်နိုင်ငံအနေဖြင့် ပါလက်စတိုင်းဒုက္ခသည်များအတွက် ကုလသမဂ္ဂကယ်ဆယ်ရေး အေဂျင်စီကို ငွေကြေးထောက်ပံ့နေမှုများ မကြာမီရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။**

ပါလက်စတိုင်း ဒုက္ခသည်များအတွက် ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် လုပ်ငန်းများဆောင်ရွက်ရေးအဖွဲ့ (UNRWA) နှင့်ပတ်သက်သည့် ထုတ်ပြန်ချက်တစ်စောင်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မကြာသေးမီက ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဒုက္ခသည်များအတွက် ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းများဆောင်ရွက်ရေးအေဂျင်စီအတွက် ထည့်ဝင်မှု အများဆုံးနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၏ ဘတ်ဂျက် ၃၀ ရာခိုင်နှုန်းခန့်ကို ထည့်ဝင်ခြင်းဖြစ်ကြောင်း သိရသည်။

သို့သော် ယခုအခါတွင် အမေရိကန်က ဒုက္ခသည်များအတွက် ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းများဆောင်ရွက်ရေးအဖွဲ့သည် "အဖတ်ဆယ်၍မရသော ပြစ်ချက်များရှိသည့် လုပ်ငန်းတစ်ခု"အဖြစ် ဖော်ပြခဲ့သည်။

အဆိုပါအရေး ဝါရှင်တန်ပို့စ်ခေါင်းကြီးပိုင်းတွင် အမေရိကန်အာဏာပိုင်များက ပါလက်စတိုင်း ဒုက္ခသည်အရေးအတွက်ကို ပြန်လည်စိစစ်ပြီး သန်းဂဏန်းမှ ထောင်ဂဏန်းအထိလျှော့ချရန် ဆန္ဒရှိကြောင်း ဖော်ပြခဲ့သည်။

အဆိုပါဝါရှင်တန်ပို့စ်တွင် အမေရိကန်အာဏာပိုင်များက ကုလသမဂ္ဂအနေဖြင့် ၎င်းတို့၏အရေးအတွက်ကို ဘယ်လိုတွက်ချက်မလဲဆိုသည့်အချက်နှင့် ပတ်သက်ပြီး စောဒကတက်ခဲ့ကြောင်း ဖော်ပြထားသည်။ ၎င်းတို့၏ လတ်တလော ပါလက်စတိုင်းဒုက္ခသည်များမှာ ပထမမျိုးဆက်များ၏ ကိန်းဂဏန်းများ အထိပါဝင်ကြောင်း သိရသည်။

ပါလက်စတိုင်းတို့၏ နေရပ်ပြန်အခွင့်အရေးဟု ခေါ်ဆိုသည့် ကိစ္စရပ်များကိုလည်း ပြန်လည်လေ့လာမှုများ လုပ်ဆောင်သွားရမည်ဟု အမေရိကန်အာဏာပိုင်က ယုံကြည်ထားကြသည်။ သို့သော်လည်း ပါလက်စတိုင်းက ဤအဆိုကို စောဒကတက်ခဲ့သည်။

အမေရိကန်၏ ဆုံးဖြတ်ချက်များသည် အစ္စရေးတို့၏ လိုအပ်ချက်များအရ ဖြစ်နိုင်ကြောင်း၊ ယခုနှစ်ဆောင်းဦးရာသီ သက်တမ်းဝက် အမေရိကန်ရွေးကောက်ပွဲမကျင်းပမီ အစ္စရေးထောက်ခံကွန်ဆာဗေးတစ်များ၏ထောက်ခံမှုရရှိရန် လုပ်ဆောင်နေခြင်းလည်းဖြစ်နိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။

အကယ်၍ အမေရိကန်သာ ဒုက္ခသည်အရေးနှင့် ပါလက်စတိုင်းတို့၏ နေရပ်ပြန်အခွင့်အရေးအပေါ် တကယ် အာရုံစိုက်ပါက အခြားသူများနှင့် ပါလက်စတိုင်းတို့ထံမှ သဘောထားအမြင် တုံ့ပြန်မှုရရှိအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# ရုရှားဆိုချီလေဆိပ်၌ လေယာဉ်ပြေးလမ်းချော်မှုဖြစ်ပွားရာ ၁၈ ဦးထက်မနည်း ဒဏ်ရာရ

**မော်စကို စက်တင်ဘာ ၁**

ရုရှားပင်လယ်နက် ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည့် ဆိုချီမြို့အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် စက်တင်ဘာ ၁ ရက်က လေယာဉ်တစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ပြီး မီးလောင်ခဲ့ရာ ၁၈ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ရုရှားကျန်းမာရေးဝန်ကြီးဌာနက ပြောခဲ့သည်။

**အော်တီယာမှ ပြေးဆွဲနေသော လေယာဉ်တစ်စင်းကို တွေ့ရစဉ်။**

ဒဏ်ရာရရှိသူများထဲတွင် သုံးဦးမှာ ကလေးငယ်များဖြစ်ကြောင်းနှင့် သေဆုံးသူမရှိကြောင်း အဆိုပါ ဝန်ကြီးဌာနက ဆက်လက်အတည်ပြုပြောကြားခဲ့သည်။ ဒဏ်ရာရရှိသူများ အားလုံး ပြင်းပြင်းထန်ထန်တစ်ဦးမျှမရှိကြောင်း မြို့တော်အရေးပေါ် ဆေးဝါးကုသရေးဝန်ဆောင်မှုဌာနက ပြောခဲ့သည်။

သို့သော်လည်း လေဆိပ်အလုပ်သမားတစ်ဦးမှာ နှလုံးရောဂါဖြင့် သေဆုံးခဲ့ပြီး ခြောက်ဦးခန့်မှာလည်း ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့များ ရှူမိခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း အဆိုပါ အရေးပေါ် ဆေးဝါးကုသရေးဌာနက ဆက်လက်ပြောကြားခဲ့သည်။

ရုရှားစံတော်ချိန် ၂ နာရီ ၅၉ မိနစ်တွင် ရုရှားလေကြောင်းလိုင်း အော်တီယာပိုင်မော်စကိုမှ ဆိုချီသို့ပြေးဆွဲနေသော ခရီးသည် ၁၆၄ ဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦး တင်ဆောင်လာသော ဘိုးရင်း ၇၃၇- ၈၀၀ လေယာဉ်သည် လေပြေးများတိုက်ခတ်နေပြီး မိုးရွာသွန်းကာ ရာသီဥတုများ မကောင်းသည့်ကြားမှ အဆိုပါ လေယာဉ်ကွင်းသို့ ခရာခဲဆစ်ဆင်းသက်ခဲ့စဉ် ထိုသို့ဘီးချော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ်သည် ပြေးလမ်းချော်ပြီး သတ်မှတ်အထိန်းအကာများကို တိုက်မိပြီးနောက် မြစ်ကမ်းနဖူးပေါ်တွင် နောက်ဆုံးရပ်တန့်သွားခဲ့ကြောင်း သိရပြီး၊ လေယာဉ်တောင်ပံတစ်ဖက်လည်း ပျက်စီးခဲ့ရသလို လက်ဝဲဘက် အင်ဂျင်လည်း မီးစွဲလောင်ခဲ့ကြောင်း သိရသည်။

ခရီးသည်များအားလုံးကို ကယ်တင်နိုင်ခဲ့ကြောင်းနှင့် အဆိုပါမတော်တဆမှု ဖြစ်ပွားပြီးနောက် ၂၅ မိနစ်ကြာသည့်တိုင်အောင် လေယာဉ်မှာ မီးစွဲလောင်လျက်ရှိကြောင်း သိရသည်။

နောက်ဆုံး ၄ နာရီခွဲရောက်မှ မီးများကို ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ ထိုသို့ မတော်တဆမှု ဖြစ်ပွားခဲ့သဖြင့် ဆိုချီလေဆိပ်ရှိ ထွက်ခွာဂိတ်များအားလုံး နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ သို့သော်လည်း မကြာခင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ထိုသို့ဖြစ်ပွားခဲ့သည့်အပေါ် ရုရှားလေကြောင်း ထိန်းသိမ်းရေးအာဏာပိုင်များနှင့် အော်တီယာတို့မှ သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်တောင်ပိုင်း ပြန်ပေးဆွဲမှုတွင် ရွာသားခြောက်ဦးသေဆုံး

**မနီလာ စက်တင်ဘာ ၁**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းမြို့တစ်မြို့တွင် သေနတ်သမားများက ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်မောင်နှံကို စက်တင်ဘာ ၁ ရက်က ပြန်ပေးဆွဲမှုပြုလုပ်ခဲ့ရာ ရွာသားခြောက်ဦး သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ဇမ်ဘွန်ဂါဒယ်ပြည်နယ် ရဲဌာနမှ ရဲအရာရှိ အက်ဒွင်ဒီအော့ကမ်ဘိုက သေနတ်သမားများသည် ဆီရာဝီမြို့၏ ကမ်းရိုးတန်းရွာလေးတစ်ရွာရှိ စီးပွားရေးသမား ဇနီးမောင်နှံနေထိုင်ရာ အိမ်လေးသို့ ကျူးကျော်ဝင်ရောက်ပြီး သောကြာနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီခန့်တွင် ၎င်းတို့ကို အင်အားသုံးခေါ်ဆောင်ခဲ့ကြောင်း ပြောခဲ့သည်။

ပြန်ပေးဆွဲခံရသူများ၏ အိမ်နီးနားချင်းတစ်ဦးဖြစ်သူ ကျေးရွာပြည်သူ့စစ်အဖွဲ့ဝင်တစ်ဦးက ၎င်းတို့ကို ကယ်တင်ရန်ကြိုးစားစဉ် ပြန်ပေးဆွဲသမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ သေဆုံးခဲ့ကြောင်း ရဲအရာရှိ ဒီအော့ကမ်ဘိုက ပြောခဲ့သည်။

ထို့အတူ ပြန်ပေးဆွဲသမားများက ရွာသားငါးဦးကိုလည်း ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ရဲအရာရှိ ဒီအော့ကမ်ဘိုက ဆက်လက်ပြောကြားခဲ့သည်။ ပစ်ခတ်မှုအတွင်း ကလေးငယ်တစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယခုပြန်ပေးဆွဲဖြစ်ရပ်သည် ဆီရာဝေမြို့တွင် ၂၀၁၈ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဒုတိယဖြစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုနှစ်အစောပိုင်းက အဆိုပါမြို့တွင်ပင် မိသားစုခြောက်ဦး ပြန်ပေးဆွဲခံခဲ့ရကြောင်း သိရသည်။ အဆိုပါ မိသားစုများမှာ နောက်ပိုင်းတွင် ဝေးလံခေါင်သီသော ဆူလူပြည်နယ်တွင် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဘရာဇီး သမ္မတဟောင်းကို သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပြုမည်မဟုတ်ကြောင်း ရွေးကောက်ပွဲတရားရုံးပြော

**ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၁**

ဘရာဇီးရွေးကောက်ပွဲတရားရုံးက ဘရာဇီး သမ္မတဟောင်း လူလာဒါဆေးဗားကို သမ္မတလောင်းအဖြစ် ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်ခွင့် မပြုကြောင်း မကြာသေးမီက ထုတ်ပြန်ကြေညာလိုက်သည်။

လူလာသည် ၂၀၀၂ ခုနှစ်မှ ၂၀၁၀ အထိ ဘရာဇီးသမ္မတ သက်တမ်းနှစ်ဆက် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး လာဘ်စားမှုနှင့် ငွေအလွဲသုံးမှုများဖြင့် လတ်တလောတွင် အငြင်းပွားဖွယ် ထောင်ဒဏ် ၁၂ နှစ် ကျခံရဖွယ်ရှိကြောင်း သိရသည်။

ဩဂုတ်လအစောပိုင်းက ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီက လူလာ၏လျှောက်လဲချက်များ အပြီးသတ်တရားစီရင်ချက် မချမီအချိန်အထိ ၎င်းသည် သမ္မတလောင်းတစ်ဦးအဖြစ် အရည်အချင်းမပြည့်မီကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း ရွေးကောက်ပွဲတရားရုံးမှ အများစုက နောက်ကြောင်းရှင်းလင်းမှုမရှိသည့်အတွက် ၎င်းအား သမ္မတလောင်းတစ်ဦးအဖြစ်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ တားဆီးခြင်းကဲ့သို့သော ကိစ္စရပ်တွင် ကုလသမဂ္ဂ၏ ထင်မြင်ချက်များသည် သက်ရောက်မှုမရှိကြောင်းနှင့် နောက်ကြောင်းရှင်းလင်းမှုဥပဒေအရ လူတစ်ဦးတစ်ယောက်သည် နောက်ကြောင်းရှင်းလင်းခြင်း မရှိပါက ဘရာဇီးသမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုကြောင်း သိရသည်။

**အေအက်ဖ်ပီ**

**ဘရာဇီးသမ္မတဟောင်း လူလာဒါဆေးဗားအား ၎င်းအားထောက်ခံသူများနှင့်အတူ ယခင်မဲဆွယ်ပွဲကာလက တွေ့ရစဉ်။**

## နိုင်ငံတကာ သတင်းတိုထွာ

### ဩစတြေးလျ၌ ရဲတပ်ဖွဲ့ဝင်များ ကင်မရာများ တပ်ဆင်ပေးတော့မည်

**ဆစ်ဒနီ စက်တင်ဘာ ၁**

၂၀၂၀ ပြည့်နှစ်မတိုင်မီ ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်ရှိ ရဲတပ်ဖွဲ့ဝင် ၁၁၀၀၀ အား ခန္ဓာကိုယ်တွင် ဝတ်ဆင်နိုင်သော ကင်မရာများ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးက မကြာသေးမီကပြောကြားလိုက်သည်။

ဘယ်လာရက်မြို့ အက်ပင်မြို့ရှိ ကျေးလက်စင်တာများတွင် ကင်မရာ ၁၅၀ ဖြင့် သီတင်းပတ်ခြောက်ပတ်ကြာ စမ်းသပ်မှုအောင်မြင်ခဲ့ပြီးနောက် ဗစ်တိုးရီးယားပြည်နယ်ရဲတပ်ဖွဲ့ဆိုင်ရာ ဝန်ကြီး လီဆာနက်ဗီလီက ယခုကဲ့သို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ခန္ဓာကိုယ်တွင် တပ်ဆင်နိုင်သည့် ကင်မရာများသည် လူမှုအသိုင်းအဝိုင်း ဘေးကင်းရေးကို အခိုင်အမာကူညီနိုင်ခြင်း၊ သက်သေစုဆောင်းခြင်း၊ တာဝန်ယူမှုတိုးတက်ခြင်းနှင့် ရဲတပ်ဖွဲ့နှင့် လူမှုအသိုင်းအဝိုင်းကြားတွင် တုံ့ပြန်မှုပိုမိုအားကောင်းလာမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ယခုနှစ်မကုန်မီ ရဲစခန်း ၅၉ ခုတွင် ကင်မရာ ၈၀၀ ခန့် ရရှိနိုင်မည်ဖြစ်ပြီး လာမည့်နှစ်တွင် ပြည်သူ့လုံခြုံရေး ပက်ကေ့ချ်အစီအစဉ် ဩစတြေးလျ ဒေါ်လာ ၅၉၆ သန်း(အမေရိကန်ဒေါ်လာ ၄၃၄ သန်း) အစိတ်အပိုင်းတစ်ခုအဖြစ် ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

### ဩစတြေးလျဦးဆောင် နိုင်ငံပေါင်းစုံ ရေတပ်လေ့ကျင့်မှုတွင် တရုတ်ပါဝင်လာ

**ဆစ်ဒနီ စက်တင်ဘာ ၁**

ဩစတြေးလျဦးဆောင်ပြီး ဩဂုတ် ၃၁ ရက်က စတင်ခဲ့သည့် နိုင်ငံပေါင်းစုံရေတပ်လေ့ကျင့်မှုတွင် တရုတ်နိုင်ငံအနေဖြင့် ပထမဆုံးပါဝင်မည်ဖြစ်ကြောင်း မကြာသေးမီက သတင်းရရှိသည်။

ဩစတြေးလျနိုင်ငံ မြောက်ပိုင်း ဒါဝင်တွင်ကျင်းပမည့် အဆိုပါနိုင်ငံပေါင်းစုံရေတပ်လေ့ကျင့်မှုကို နှစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိကြောင်း သိရသည်။ ယခုနှစ်ကျင်းပသည့် အဆိုပါနိုင်ငံပေါင်းစုံရေတပ်လေ့ကျင့်မှုတွင် သင်္ဘော ၂၄ စင်း၊ လေယာဉ် ၂၁ စင်းနှင့် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ တပ်ဖွဲ့ဝင်ပေါင်း ၃၀၀၀ထက် မနည်းပါဝင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် ရေတပ်စစ်သင်္ဘောတစ်စင်းကို စေလွှတ်ခဲ့ကြောင်းနှင့် အဆိုပါစစ်သင်္ဘောသည် ရေတပ်စုံစမ်းထောက်လှမ်းခြင်းဆိုင်ရာများနှင့် လေ့ကျင့်မှုအတွင်း ဆီဖြည့်တင်းမှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသော်လည်း တကယ့်ပစ်ခတ်လေ့ကျင့်မှုများတွင် ပါဝင်သွားမည်မဟုတ်ကြောင်း သိရသည်။

ဩစတြေးလျ ရေတပ်ဌာနချုပ် ရေတပ်ဗိုလ်ချုပ် ဂျွန်နသန်မီးဒ်က တရုတ်နိုင်ငံက ရေကြောင်းဆိုင်ရာပူးပေါင်းလုပ်ဆောင်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြောင်း ပြောခဲ့သည်။

ယခုလေ့ကျင့်မှုသည် အဖွဲ့ဝင်နိုင်ငံများကြား ချစ်ခင်ယုံကြည်မှု တိုးပွားလာမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ဝမ်းနည်းစိတ်ကြောင့် ပေါ်ပေါက်လာသည့် ချန်မနစ်မြို့မှ ဆန္ဒပြပွဲ

**ချိုးစန္ဒီနွေး**

ဂျာမနီနိုင်ငံ ချန်မနစ်ဇ်မြို့မှာ ဒေါသထွက်နေတဲ့ လူအုပ်ကြီးဟာ ဂျာမနီအလံကို ဝှေ့ယမ်းပြီး လမ်းမထက်မှာ ဆန္ဒပြနေတယ်။ တားဆီးမယ့်ရဲတွေထက် လူအုပ်ကြီးက အဆမတန်များပြားလွန်းတာကြောင့် ဘယ်သူမှ ကြားဖြတ်ပြီး မတားရဲဘူးဖြစ်နေတယ်။

**ဓားထိုးမှုမှဖြစ်လာတဲ့ဂယက်**

ဒေါသထွက်နေတဲ့ လူအုပ်ကြီးဘာကြောင့် လမ်းမပေါ်ရောက်လာတာလဲ။ ပြီးခဲ့တဲ့သီတင်းပတ် တနင်္ဂနွေနေ့က ဂျာမနီတစ်ဦး ဓားထိုးခံရမှုမှာ သံသယရှိသူတွေက အီရတ်နဲ့ ဆီးရီးယားက ဒုက္ခသည်အဖြစ် ခိုလှုံသူနှစ်ဦးပဲ ဖြစ်တယ်။

ဒီသတင်းပျံ့နှံ့သွားတဲ့ အခါမှာတော့ ချန်မနစ်ဇ်မြို့က လမ်းမထက်မှာ ဆူပူသောင်းကျန်းမှုတွေ စတင်တော့တာပါပဲ။ ချန်မနစ်ဇ်မြို့ဟာ လူဦးရေ ၂၅၀၀၀၀ နေထိုင်လျက်ရှိပါတယ်။ အခုလမ်းမပေါ်ထွက် ဆန္ဒပြနေတဲ့ လူအုပ်ကြီးမှာ လူပေါင်း ၈၀၀၀ ခန့် ပါဝင်ပါတယ်။ အဲဒီထဲမှာ နာဇီလက်သစ်တွေဟာ သာမန်ပြည်သူတွေနဲ့ ရောနှောပါဝင်နေပါတယ်လို့ ဆိုပါတယ်။

**အမုန်းတရားတွေပေါက်ဖွားလာ**

ချန်မနစ်ဇ်ဆိုတဲ့မြို့လေးမှာဒီလို ဖြစ်ရပ်ဆိုးတွေ ပေါ်ပေါက်လာလိမ့်မယ်လို့ ဘယ်သူမှ မထင်ခဲ့ပါဘူး။ ဒုတိယကမ္ဘာစစ် ပြီးကတည်းက ငြိမ်းချမ်းနေတဲ့ မြို့လေးလည်း ဖြစ်တယ်။ ၂၀၁၅ ခုနှစ်မှာ ဂျာမနီဝန်ကြီးချုပ်အိန်ဂျလာမာကယ်ဟာ ခိုလှုံသူ တစ်သန်းခန့်ကို လက်ခံဖို့ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ အဲဒီအခါမှာတော့ ဂျာမနီနိုင်ငံအတွင်းကို ဒုက္ခသည်တွေ စိမ့်ဝင်လာခဲ့ပြီး ဂျာမနီပြည်သူတွေကြားမှာ ရွှေ့ပြောင်းဒုက္ခသည် ဆန့်ကျင်ရေး အမုန်းတရားတွေ ပေါက်ဖွားလာခဲ့ပါတော့တယ်။ ဂျာမနီနိုင်ငံမှာ ဒုက္ခသည်တစ်သန်းခန့်ကို ခိုလှုံခွင့်ပေးလိုက်တဲ့ အိန်ဂျလာမာကယ်ရဲ့ ဆုံးဖြတ်ချက်ကြောင့် နောက်ပိုင်းမှာ ထိန်းမရတဲ့အခြေအနေတွေ ပေါ်ပေါက်လာနိုင်တယ်လို့ ဝေဖန်သူတွေက ထောက်ပြခဲ့ကြပါတယ်။

**လက်ယာစွန်းရောက်အားကောင်းလာ**

နာဇီလက်သစ်တွေဟာ ပိုမိုအားကောင်းလာပြီး ပိုမိုစုစည်းမှုလည်းရှိလာတယ်လို့ လူမှုဗေဒပညာရှင်တွေနဲ့ အရာရှိတွေက ပြောပါတယ်။ လက်ယာစွန်းရောက် Alternative For Germany ပါတီကပါလီမန်အတွင်းမှာ အာဏာပိုပြီးတော့ကြီးလာတယ်။ ချန်မနစ်ဇ်မြို့က ဖြစ်ရပ်ဟာ ဒုတိယကမ္ဘာစစ်အပြီး ဂျာမနီနိုင်ငံရဲ့ ဒီမိုကရေစီကို စမ်းသပ်ချက်တစ်ခုလို့ အများထင်မြင်လာကြပါတယ်။ ဂျာမနီနိုင်ငံမှာ ၁၉၆၇ ခုနှစ်က ကျောင်းသားတစ်ဦးသေဆုံးမှုအတွက် တော်လှန်ပုန်ကန်မှုတွေ အစပြုခဲ့ပြီး အနောက်ဂျာမနီမှာ လစ်ဘရယ်ဝါဒ တိုးတက်လာခဲ့တယ်။ အခု ချန်မနစ်ဇ်မြို့ရဲ့ ဖြစ်ရပ်ကြောင့် လက်ယာစွန်းတွေရဲ့ခေတ် ရောက်လာဖို့ အစပြုနေပြီလို့ ချန်မနစ်ဇ်မြို့က အသက် ၃၂ နှစ်အရွယ်ရှိ အမျိုးသားရေးဝါဒီတစ်ဦးဖြစ်သူ ဘန်ဂျမင် ဂျန်ဇက်ချော်ကီက ပြောပါတယ်။ ၁၉၈၉ ခုနှစ်မှာ ကျောင်းသားတွေနဲ့ မိဘတွေပူးပေါင်းပြီးလမ်းမပေါ်ထွက်ကာ ကွန်မြူနစ်ဝါဒ အဆုံးသတ်စေရေး တောင်းဆိုခဲ့ကြပါတယ်။ အခုတစ်ခါမှာလည်း ဒီလိုဖြစ်ရပ်မျိုးတွေထပ်ဖြစ်လာနိုင်တယ်။ သူဟာဆိုရင် ပါလီမန်ဒီမိုကရေစီကို အယုံအကြည်မရှိလို့ မဲတစ်ခါမှလည်း မပေးဖူးဘူးလို့ ဘန်ဂျမင်က ဆက်ပြောပါတယ်။

**ဝမ်းနည်းစိတ်ကြောင့် ပေါ်ပေါက်သည့် ဆန္ဒပြပွဲ**

ချန်မနစ်ဇ်မြို့တော်ဝန် Ludwig ကတော့ အဲဒီလို နှိုင်းယှဉ်ပြချက်ဟာ နာကျင်ဖွယ်ကောင်းတယ်လို့ ပြောပါတယ်။ သူဟာလည်းပဲ ၁၉၈၉ ခုနှစ် ကွန်မြူနစ်ဝါဒ အဆုံးသတ်ရေး ချီတက်ဆန္ဒပြပွဲမှာ ပါဝင်ခဲ့သူ တစ်ယောက်ပါပဲ။ အဲဒီတုန်းက ချီတက်မှုဟာ တရားဥပဒေစိုးမိုးဖို့ ဒီမိုကရေစီရရှိဖို့ တောင်းဆိုခဲ့ကြတာဖြစ်ပြီး အခုတစ်ကြိမ် ပေါ်ပေါက်လာရတဲ့ ဆန္ဒပြပွဲကတော့ လူငယ်တစ်ဦး ရက်ရက်စက်စက်အသတ်ခံရမှုအတွက် လူတွေရဲ့ဝမ်းနည်းစိတ်ကြောင့် ပေါ်ပေါက်လာရတဲ့ ဆန္ဒပြပွဲပါလို့ ပြောပါတယ်။

ချန်မနစ်ဇ်မြို့ဟာ ဒုတိယကမ္ဘာစစ်အတွင်းမှာ ဆိုးဆိုးရွားရွားပျက်စီးဆုံးရှုံးခဲ့ရတဲ့မြို့ဖြစ်ပြီး ခေတ်မီတဲ့မြို့တစ်မြို့ဖြစ်အောင် ပြန်လည်တည်ဆောက်ခဲ့ရပါတယ်။ ချန်မနစ်ဇ်မြို့မှာ နာဇီလက်သစ်တွေဟာလည်းရှိနေဆဲပါ။ Alternative For Germany ပါတီဟာ အရှေ့ပိုင်းပြည်နယ်ဖြစ်တဲ့ Saxonyမှာ ထောက်ခံသူ ၂၇ ရာခိုင်နှုန်းရှိပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေရဲ့ ကြောက်ရွံ့မှု၊ မကျေနပ်မှုတို့ကိုအသုံးချပြီး လက်ယာစွန်းရောက်တွေဟာ အားကောင်းလာတယ်လို့ ဝေဖန်သူတွေက သုံးသပ်ကြပါတယ်။ နာဇီလက်သစ်တွေကို ဂျာမနီအရှေ့ပိုင်းမှာ အများစုတွေ့နိုင်တယ်။ ဒါပေမယ့် လက်ယာစွန်းရောက်တွေကိုတော့ ဂျာမနီနိုင်ငံအနှံ့အပြားမှာ တွေ့နိုင်တယ်။ ပါလီမန်အတွင်းမှာပဲ တွေ့နိုင်တာမဟုတ်ပါဘူး။ လူမှုအသိုင်းအဝိုင်းထဲမှာကို စိမ့်ဝင်နေပါပြီလို့ Thuringia ပြည်နယ်ဒီမိုကရေစီနှင့် လူမှုအဖွဲ့အစည်းလေ့လာရေး အင်စတီကျူမှ မက်သီးရက်ကွန့်စ်က ပြောပါတယ်။

**လူမှုမီဒီယာရဲ့ အခန်းကဏ္ဍ**

ချန်မနစ်ဇ်မြို့က လမ်းမထက်မှာ ဆန္ဒပြသူတွေကတော့ ဂျာမနီနိုင်ငံဟာ ဂျာမနီ လူမျိုးတွေအတွက်ပဲ ဖြစ်ရမယ်လို့ ကြွေးကြော်နေကြပါပြီ။ အခုလိုမျိုး လမ်းမထက်မှာ ဆူပူသောင်းကျန်းနေတဲ့ လူစုလူဝေးကြီး ဖြစ်လာဖို့ဆိုတာ လူမှုကွန်ရက်နဲ့ ဆိုရှယ်မီဒီယာကလည်း အဓိကကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ တနင်္ဂနွေနေ့ညက ဂျာမနီတစ်ဦး ဓားထိုးခံရမှုမှာလည်း နာဇီလက်သစ်တွေက ဒီမြို့ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာကို အတူပြသလိုက်ရအောင်လို့ အွန်လိုင်းမှာ လှုံ့ဆော်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ မကြာမီမှာပဲ ကောလာဟလတွေဟာ ပျံ့နှံ့ကုန်ပါတယ်။ အမျိုးသမီးတစ်ဦးကို မတော်မတရားလုပ်နေကြလို့ ဝင်တားရင်း အသတ်ခံရတာလို့လည်း သတင်းတွေ ပျံ့နှံ့လာပါတယ်။ ဒုတိယမြောက် ဓားထိုးခံရသူဟာလည်း ဆေးရုံမှာပဲ သေသွားတယ် အစရှိတဲ့သတင်းတွေ ထွက်ပေါ်လာတယ်။ ဘယ်ဟာကမှတော့ အမှန်တရား မဟုတ်ပါဘူး။ ဒါပေမယ့်လည်း နာရီပေါင်း အနည်းငယ်အကြာမှာပဲ ဆန္ဒပြသူ ၈၀၀ ခန့်ဟာ လမ်းမပေါ် ထွက်လာခဲ့ကြပါတော့တယ်။ တားဆီးမယ့် ရဲအင်အားကတော့ အဲဒီပမာဏနဲ့ များစွာကွာခြားလွန်းနေပါတယ်။

**ကြောက်ရွံ့မှုတွေပျံ့နှံ့လာ**

နောက်ရက် နောက်ရက်တွေမှာတော့ လမ်းမပေါ်ထွက်လာတဲ့ လူပမာဏဟာ များသထက် များလာပါတော့တယ်။ ဒါပေမယ့် ကြာသပတေးနေ့ရောက်တဲ့အခါမှာတော့ လူအုပ်ဟာ အရင်လောက် မများတော့ပါဘူး။ ပိုပြီးတော့ တည်ငြိမ်မှုလည်းရှိလာတယ်။ ဒေသခံရဲတွေတင် မကပါဘူး။ ပြည်နယ်ကရဲတပ်ဖွဲ့တွေကို ပါစေလွှတ်ခဲ့တဲ့အတွက် ဖြစ်တယ်။ ချန်မနစ်ဇ်မြို့မှာဖြစ်ခဲ့တဲ့ ဖြစ်ရပ်ကြောင့် ကြောက်ရွံ့မှုတွေ၊ လုံခြုံစိတ်ချမှုကင်းမဲ့တဲ့ စိတ်ခံစားမှုတွေဟာ နီးစပ်ရာမြို့တွေဆီ ပျံ့နှံ့သွားခဲ့ပါတော့တယ်။ အသက် ၆၁ နှစ်အရွယ် ဝို့ဖန်ဂေါ့ဇာနဲ့ ဇနီးဖြစ်သူ ဆာဘိန်းတို့ကတော့ “ ဓားထိုးခံရတဲ့ လူငယ်ကို သိတယ်။ ဒီလူငယ်ဟာ တို့အိမ်ပြောင်းတုန်းကတောင် ကူညီပေးတဲ့ လူငယ်လေ၊ အတော်လေး ရည်ရည်မွန်မွန်ရှိတဲ့ လူငယ်တစ်ယောက်ပါ ” လို့ ပြောပါတယ်။ ဒါ့ကြောင့်လည်း မြို့ထဲမှာ နေရတာတောင် လုံခြုံစိတ်ချရမှု မရှိတော့ဘူးလို့ သူက ဆက်ပြောပါတယ်။

**ဒုက္ခသည်များအတွက်သတိပေးချက်**

တချို့ကတော့ လူသတ်သမားလို့သံသယရှိသူတွေရဲ့အချက်အလက်ကို ရဲတွေဆီကနေ လက်ယာစွန်းရောက်တွေဆီ ပေါက်ကြားသွားတယ်လို့ စွပ်စွဲကြပါတယ်။ လမ်းမထက်မှာ ဒေါသကြီးနေတဲ့လူအုပ်ကြီးက ဆန္ဒပြနေပြီဆိုတာနဲ့ ဒုက္ခသည် အဖွဲ့အစည်းတွေဟာ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေကို ဘယ်မှမထွက်ကြဖို့ သတိပေးမှုတွေ ထုတ်ပြန်ထားခဲ့ပါတယ်။ ဆီးရီးယားဒုက္ခသည်တစ်ဦးဖြစ်တဲ့ မစ္စတာ နာလဝီကတော့ တနင်္ဂနွေနေ့က သူနဲ့သူ့မိသားစုဟာ ကော်ဖီဆိုင်အတွင်းမှာ ပိတ်မိနေခဲ့တယ်။ အကူအညီလည်း မရဘူး။ အဲဒီနောက်မှာ သူ့လည်ပင်းကို ဓားနဲ့ထောက်တာခံရပြီး ရဲကလာဖျန်ဖြေပေးလို့သာ လွတ်မြောက်ခဲ့ရတာလို့ ပြောပါတယ်။

သူဟာ ၂၀၁၅ ခုနှစ်တုန်းက ဇနီးသည်နဲ့ ကလေးဖြစ်သူကို ခေါ်ဆောင်ကာ ဆီးရီးယားကနေ ဂျာမနီကို ထွက်ပြေးလာခဲ့သူပါ။ အဲဒီအချိန်တုန်းကတော့ ဂျာမနီမှာ နေရတာ လုံခြုံစိတ်ချရမှုရှိတယ်။ အခုတစ်ဖန်မှာတော့ မိသားစုလုံခြုံရေးအတွက် နောက်တစ်ကြိမ် စိုးရိမ်ရပြန်ပါပြီလို့ မစ္စတာနာလဝီက တွေးနေခဲ့ပါတယ်။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များနှင့်တွေ့ဆုံ

**မြစ်ကြီးနား စက်တင်ဘာ ၁**

ကချင်ပြည်နယ် လူငယ်ရေးရာအဖွဲ့ဝင်များ၏ မဟာဗျူဟာရေးဆွဲရေး လုပ်ငန်းစဉ်များနှင့် Youth Centre တည်ထောင်နိုင်ရေးအတွက် ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လူငယ်ရေးရာ ကော်မတီအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ပြည်နယ်လူငယ်ရေးရာ ကော်မတီကို ဖွဲ့စည်းပြီး မူဝါဒနှင့် မဟာဗျူဟာရေးဆွဲရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု အခြေအနေနှင့် လူငယ်များအတွက် အရေးပါသည့် Youth Centre တည်ထောင်နိုင်ရေးအတွက် လိုအပ်ချက်များကို တင်ပြခဲ့သည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လူငယ်များအနေဖြင့် အနာဂတ်ကို ဖော်ဆောင်ရမည့်သူများ ဖြစ်သည့်အတွက် တာဝန်ကြီးမားကြောင်း၊ မိမိတို့နိုင်ငံ၏ အခြေအနေအမှန်ကိုသိရှိပြီး မိမိနိုင်ငံ၊ မိမိတို့ပြည်နယ်၏ အနာဂတ်ကို ပုံဖော်ဆောင်ရွက်ကြမည့် ခေါင်းဆောင်များဖြစ်လာစေရန် အသိပညာများ လေ့လာလိုက်စားပြီး အတတ်ပညာ နယ်ပယ်တွင်လည်း နောက်ကျ သင်ယူခြင်းမရှိစေရေး ကြိုးစားသင်ယူ သွားကြရန်နှင့် မူဝါဒနှင့် မဟာဗျူဟာရေးဆွဲရာတွင်လည်း လိုအပ်ချက်များ အဆင်ပြေစေရေး မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က ကော်မတီအဖွဲ့ဝင်များ၏ လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်ချက်များကို အကြံပြုဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က ကော်မတီအဖွဲ့ဝင်များ၏ Youth Centre လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ် တက်ရောက်

**ဟားခါး စက်တင်ဘာ ၁**

ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က အမှာစကားပြောကြားသည်။

ထိုသို့ပြောကြားရာတွင် ဇူလိုင် ၂၅ ရက်က ဒုတိယသမ္မတ(၂) ဦးစီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး/ပြည်နယ်လေးခုတွင် Shelter ၈၇ လုံး တည်ဆောက်မှုနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးမှ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Shelter များ တည်ဆောက်ပေးရခြင်းသည် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအတွက်ဖြစ်ပြီး အရေးပေါ်အခြေအနေတွင် ဘေးသင့်ပြည်သူများအနေဖြင့် Shelter များသို့ အမြန်ဆုံးသွားရောက် ခိုလှုံနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆိုင်ရာများ ပြောကြားပြီး တက်ရောက်လာသူများက ဆွေးနွေးကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ရေဘေးသင့်ကျေးရွာများသို့ သွားရောက်ထောက်ပံ့

**ဘားအံ စက်တင်ဘာ ၁**

ကရင်ပြည်နယ်အတွင်း ဇူလိုင်လနှင့် သြဂုတ်လများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ တောင်ကျရေများ စီးဆင်းခြင်းနှင့် မြစ်ရေချောင်းရေများ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိခြင်းတို့ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များက ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဗျက္ခကျေးရွာအုပ်စု၊ အလယ်ရွာသို့သွားရောက်၍ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဗျက္ခကျေးရွာအုပ်စု အလယ်ရွာ အခြေခံပညာမူလတန်းကျောင်း၌ ရေဘေးသင့် အိမ်ထောင်စုများနှင့် တွေ့ဆုံ၍ အားပေးစကားများ ပြောကြားကာ အိမ်ထောင်စု ၁၃၂ စု အား ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ မတ်ပဲနှင့် ငါးသေတ္တာများ ပါဝင်သော စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အလယ်ရွာ အေးချမ်းသာယာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆန်၊ ဆီ၊ ငါးသေတ္တာနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကာ ဗျက္ခကျေးရွာ အခြေခံပညာမူလတန်းကျောင်းက KG တန်းမှ စတုတ္ထတန်းအထိ ကျောင်းသား ကျောင်းသူ ကလေးငယ် ၁၁၇ ဦးအား မုန့်များဝေငှပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို အခြေခံပညာကျောင်းများသို့ ရန်ပုံငွေများပေးအပ်

**လွိုင်ကော် စက်တင်ဘာ ၁**

ကယားပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် လိုအပ်သောစာရေးခုံ၊ စာသင်ခုံ၊ ကျောင်းစာကြည့်တိုက်သုံးဗီရို၊ ပရိဘောဂပစ္စည်းများ၊ သောက်သုံးရေလှောင်ကန်များ၊ ကျောင်းခြံစည်းရိုးကာရံခြင်းများ ပြုလုပ်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေပေးအပ်ခြင်းကို သြဂုတ် ၃၀ ရက်က ပြည်နယ်ပညာရေးမှူးရုံး ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယခုလိုပြည်နယ်အတွင်းရှိ ပညာရေးမိသားစုများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ ပံ့ပိုးကူညီထောက်ပံ့ပေးခြင်းနှင့် ပညာရေးဝန်ထမ်းများ၏ တင်ပြချက်များကို သိရှိလိုသဖြင့် ယခုလို လာရောက်ရခြင်းဖြစ်ကြောင်း၊ ယနေ့ ပြည်နယ်ဝန်ကြီးချုပ် တာဝန်ယူချိန်မှာ ပြည်နယ်၏ ပညာရေးကဏ္ဍ မြင့်မားရေးအတွက် ပြည်နယ်ပညာရေးမှူးကို အားကိုး အားထားပြုရကြောင်း၊ ဆင့်ကဲ ဆင့်ကဲ တာဝန်ယူမှု၊ တာဝန်ခံမှုရှိမှသာ အောက်ခြေမှ အခက်အခဲများ၊ လိုအပ်ချက်များကို သိရှိမည်ဖြစ်ကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိခြင်း၊ ပေါင်းစပ်ညှိနှိုင်းမှု မရှိပါက ပညာရေးကဏ္ဍသည် နိမ့်ကျသထက် နိမ့်ကျလာမည် ဖြစ်ကြောင်း၊ ပြည်နယ်ပညာရေးမှူးကလည်း လက်အောက် ဝန်ထမ်းများ၏အားကို ရယူရသည့်အတွက် မှုဘောင်နှင့်ညီညွတ်သည့် လုပ်ပိုင်ခွင့်များ ပေးအပ်ဖို့လိုကြောင်း၊ လုပ်ပိုင်ခွင့်ရရှိမှသာ ရဲရဲရင့်ရင့်လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး ပူးပေါင်းပါဝင်မှု အားကောင်းလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ပရိဘောဂများ၊ အာဟာရနို့များ၊ သောက်သုံးရေလှောင်ကန်များ၊ ကျောင်းစာကြည့်တိုက်သုံး ဗီရိုများ၊ ကျောင်းခြံစည်းရိုး ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့မှ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ် ဆရာမကြီး၊ ကျောင်းအကျိုးတော်ဆောင်ထံသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် လွိုင်ကော်မြို့အမက (ဘာဒို) ကျောင်းခြံစည်းရိုး ကာရံနိုင်ရန် ငွေကျပ် ၃၈၀၅၀၀၊ စာသင်ကျောင်း ခြောက်ကျောင်းသို့ ဂါလန် ၅၀၀၀ ဆံ့ ကန်နှစ်လုံး၊ ဂါလန် ၂၀၀၀ ဆံ့ ကန်လေးလုံး စုစုပေါင်း ရေလှောင်ကန် ခြောက်လုံးအတွက် ငွေကျပ် ၁၇၄၉၆၀၀၀၊ ပရိဘောဂ ၁၇၂၄ စုံအတွက် ငွေကျပ် ၈၄၁၆၄၀၀၀၊ ကျောင်းစာကြည့် တိုက် ၁၄၇ ခုအတွက် ဗီရိုများဝယ်ယူနိုင်ရန် ငွေကျပ် ၂၀၅၈၀၀၀၀၊ စာသင်ကျောင်းများတွင် အာဟာရနို့တိုက်ကျွေးနိုင်ရန် ငွေကျပ် ၁၅၁၂၀၀၀၀၊ အထက (မယ်စဲ့)ကျောင်း အဝီစိတွင်းတူးဖော်နိုင်ရန် ငွေကျပ် ၂၁၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၄၃၂၆၅၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဉာဏ်လင်း (ကယား)

# ပြန်လည်သန်စွမ်းရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကို အဆင့်မြှင့်တင်မည်

**ရန်ကုန် စက်တင်ဘာ ၁**

စင်ကာပူနှင့်မြန်မာ ကျန်းမာရေးပညာရှင်များ ပူးပေါင်း၍ ထိခိုက်ဒဏ်ရာရရှိရာမှ ပြန်လည်သန်စွမ်းရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကို အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း ယမန်နေ့က ရန်ကုန်ဆေးရုံကြီး လေ့ကျင့်ရေးစင်တာ၌ ပြုလုပ်သည့် ထိခိုက်ဒဏ်ရာရရှိမှု ပြန်လည်သန်စွမ်းရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်အခမ်းအနားမှ သိရသည်။

စင်ကာပူအပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်း(SIF)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် စင်ကာပူကျန်းမာရေးဝန်ဆောင်မှု (Sing Health)တို့က သုံးနှစ်ကြာ ကျန်းမာရေးစောင့်ရှောက်မှု လေ့ကျင့်သင်ကြားရေး စီမံကိန်းတစ်ခုကို ရန်ကုန်မြို့တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊အကြောအဆစ်နှင့် ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဆေးပညာဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာခင်မျိုးလှက "မြန်မာနိုင်ငံမှာရှိတဲ့ ကိုယ်အင်္ဂါပြန်လည် သန်စွမ်း ရေး ဆေးပညာရှင်တွေကို ထပ်ပြီးတော့ ဉာဏ်သစ်လောင်းတဲ့ သင်တန်းတွေပေးဖို့ရယ်၊ အဓိကအားဖြင့် ကျောရိုးမကြီးတွေ ထိခိုက်ဒဏ်ရာရပြီးတဲ့အခါမှာ ပြန်လည်သန်စွမ်းရေးလုပ်ဖို့အတွက် လိုအပ်တဲ့လူနာတွေ အများကြီးရှိပါတယ်။ အဲဒီလူနာတွေအတွက် လက်ရှိပေးနေတဲ့ ဆေးကုသမှုတွေထက် ပိုပြီးကောင်းတဲ့၊ အဆင့်မြင့်တဲ့ ကုသမှုတွေကို ပေးနိုင်ဖို့အတွက် နည်းပညာတွေနဲ့ ပူးပေါင်းပြီး ပါဝင်လုပ်ဆောင်ကြတာ ဖြစ်ပါတယ်" ဟု စီမံချက်အကြောင်း ရှင်းပြသည်။

ထို့ပြင် စီမံချက်တွင်ပါဝင်မည့် အစီအစဉ်များအကြောင်း ဆက်လက်ပြောကြားရာတွင် "ဒီစီမံချက်ကို လုပ်ဆောင်မှုဟာဖြင့် ကျွန်မတို့ရဲ့ ထိခိုက်ဒဏ်ရာရတဲ့လူနာတွေ ပြန်လည်သန်စွမ်းရေးလုပ်ဖို့အတွက် သူတို့ဆေးရုံတက်တဲ့အချိန်ကစပြီး အချိန်ကြာကြာကုသမှုခံယူရပါတယ်။ ကျောရိုးမကြီးထိခိုက်ဒဏ်ရာရတဲ့အခါမှာ အောက်ပိုင်းသေသွားတာပဲဖြစ်ဖြစ်၊ ခန္ဓာကိုယ်အောက်ပိုင်း မလှုပ်ရှားနိုင်တာဖြစ်ဖြစ် ဒီလိုမျိုးတွေ အများကြီးကြုံတွေ့ရပါတယ်။ ဒါကြောင့် ဒီလိုလူနာတွေအတွက် ကျွန်မတို့ ဆေးရုံစတက်ကတည်းက ဘယ်လိုအခြေအနေမှာ ဘယ်လိုလာကြမလဲ၊ အရေးပေါ်မှာ ဘယ်လိုပြုစုကုသမယ်၊ ရေရှည်မှာ ဘယ်လိုကုသမလဲဆိုတဲ့ဟာမျိုးတွေ အိမ်ကိုပြန်သွားရင် အိမ်မှာပါ ဆက်ပြီး လေ့ကျင့်ခန်းတွေလုပ်ရမယ့် အခြေအနေမျိုးတွေ ရှိပါတယ်။ အဲဒါမျိုးတွေဆိုရင် သူတို့ရဲ့မိသားစုတွေ ကိုယ်တိုင်ရော လူနာကိုယ်တိုင်ကပါ လုပ်ဆောင်နိုင်ဖို့အတွက် ကျွန်မတို့က ပညာပေးရေး အစီအစဉ်တွေကို လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါစီမံချက်တွင် ဆရာဖြစ်သင်တန်း၊ စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်ကြားလေ့လာရေးခရီးစဉ်များ၊ အတတ်ပညာပိုင်းဆိုင်ရာ မျှဝေခြင်းများ ပါဝင်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ကျန်းမာရေးစောင့်ရှောက်မှုပညာရှင်ပေါင်း ၁၀၀ ခန့်ကို သင်တန်းပို့ချပေးရန်ရည်ရွယ်ထားပြီး သုံးနှစ်တာကာလအတွင်း အနည်းဆုံး လူနာဦးရေ သုံးသောင်းခန့်ကို အကျိုးပြုနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

လက်ရှိ ရန်ကုန်ဆေးရုံကြီးတွင် ထိခိုက်ဒဏ်ရာနှင့် သက်ဆိုင်သော ဆေးကုသမှုခံယူရန် ဆေးရုံတက်ရောက်သူ နေ့စဉ်ပျမ်းမျှ အယောက် ၃၀ ခန့်ရှိပြီး ထိခိုက်ဒဏ်ရာ ကုသမှုဌာနတွင် နေ့စဉ်ပျမ်းမျှလူနာ ၂၀၀ ခန့်ကို လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက် ခဲ့လျှင် အကောင်း ဆုံးပင် အချိန် စိုက် နောက်မကျ၊ ဒုတိယ အကြိမ် အကောင်း ဆုံးပ

BRITISH UNIVERSITY COLLEGE

British University College

၂၂လ ➡ ၁နှစ်

၁၄လ ➡ ၂နှစ်

( Australia )

athe AWARDS FOR TRAINING AND HIGHER EDUCATION

British University College မှ တစ်ဆင့်တက်ရောက်နိုင်တဲ့ ဩစတြေးလျ ပညာရေးလမ်းကြောင်း . . .

ဩစတြေးလျနိုင်ငံမှာ ကျောင်းသွားတက်ချင်တဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက် BUC မှ Plan တစ်ခုချပြပေးလိုက်ပါပြီ။

BUC မှတစ်ဆင့်တက်ရောက်နိုင်တဲ့ ဩစတြေးလျ ကကျောင်းတစ်ကျောင်းဖြစ်ပါတယ်။

ဩစတြေးလျမှာရှိတဲ့ ကျောင်းသည် (Top 100) တွင်ပါရှိသော Universities ဖြစ်ရုံသာမက One of theWorld's (Top 50) Generation Y Universities ထဲမှာပါဝင်ပါတယ်။

ဒါ့အပြင်နှစ်ပေါင်း (၅၀) သက်တမ်းရှိတဲ့ ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ် (၁၀၀) ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပြီး တက္ကသိုလ်ကြီးတွေရဲ့ Student Support, Median Graduate Starting Salary, Graduate Employment အပိုင်းတွေမှာ (5 Stars) ရရှိထားတဲ့ နာမည်ကြီးကျောင်းတစ်ကျောင်းလည်းဖြစ်ပါတယ်။

ဒီလောက်ဆိုရင် ဩစတြေးလျမှာရှိတဲ့ University အကြောင်းကို သိလောက်ပြီဆိုတော့ . . .

British University College ကနေတစ်ဆင့်သွားလို့ရတဲ့ အကြောင်းလေးကိုရှင်းပြပေးချင်ပါတယ်။

ရန်ကုန်မှာ (၂)နှစ်ပြီးရင် ဩစတြေးလျနိုင်ငံတွင် တက်ရောက်နိုင်တဲ့ ဘာသာရပ်တွေကတော့ ဘာသာရပ်တွေကတော့ . . .

- Bachelor of Business Administration
- Bachelor of Business in Convention and Event Management
- Bachelor of Business in Hotel Management
- Bachelor of Business in Tourism and Hospitality Management

၂၂ လစာ - (၈၇) သိန်း
၁၄ လစာ - (၆၂) သိန်း
စက်တင်ဘာလ (၁၇)ရက်နေ့ အတွက် ကျောင်းအပ်လက်ခံနေပါပြီ။

ရွေးချယ်တက်ရောက်နိုင်မည့် ပညာရေးလမ်းကြောင်း (၂)ခုရှိပါတယ် . . .

(၁) ပထမ (၂၂)လကို British University College တွင် တက်ရောက်ပြီးပါက ATHE (Awards for Training and Higher Education) ကပေးတဲ့ Level 5 Extended Diploma in Management ကိုရရှိမှာဖြစ်ပြီး ကျန် (၁)နှစ်ကို ဩစတြေးလျနိုင်ငံရှိ University တွင် ဆက်လက်တက်ရောက်ပြီး Bachelor ဘွဲ့ကိုရရှိမှာဖြစ်ပါတယ်။

(၂) British University College တွင် ပထမ (၁၄)လ ကိုတက်ရောက်ပြီးလျှင် ATHE (Awards for Training and Higher Education) ကပေးတဲ့ Level 4 Extended Diploma in Management ကိုရရှိမှာဖြစ်ပြီး ကျန် (၂)နှစ်ကို ဩစတြေးလျ နိုင်ငံရှိ University တွင် ဆက်လက်တက်ရောက်ပြီး Bachelor ဘွဲ့ကိုရရှိမည်ဖြစ်ပါတယ်။

09 - 426 26 5550, 09 - 426 26 5551, 01 - 401 272

အမှတ် (၂၅)၊ ဦးချစ်မောင်အိမ်ရာ (KBZ Bank နှင့် Family Sushi) ကြား၊ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁-၉-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၉၉၀ ကျပ် | ၁၀၂၀/၁၀၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၀၅ ကျပ် | ၁၀၃၀/၁၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၂၅/၉၆၀ ကျပ် | ၁၀၁၅/၁၀၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၇၅/၁၀၁၀ကျပ် | ၁၀၆၀/၁၀၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၆၃ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၅ · ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၈ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၂ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၆ · ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ · ၉၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၃၇၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ · ၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ · ၉၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ · ၁၁၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm


ဘယ်ဖိုလ်ချုပ်လဲ..
HTOO


Mini
ZOO




ကာတွန်း
အောင်ဇေယျ





**တစ်ဦးတည်းဖြစ်ကြောင်း**

ကချင်ပြည်နယ်၊ ရွှေကူမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (I)အခန်းမှ မောင်မြတ်သူအောင်၏ ဖခင်အမည်မှန်မှာ ဦးနေလင်းအောင်နှင့် ဦးမင်းထက် ၁/မညန(နိုင်) ၁၀၀၅၇၈မှာ တစ်ဦးတည်း ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ စလေမြို့၊ အခြေခံပညာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (D)ခန်းမှ မောင်အောင်ခန့်ပိုင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးတင်မြင့် ၈/ခမန (နိုင်)၁၁၁၂၇၈ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ညောင်တုန်းမြို့နယ်၊ စကွေ့အောက်စုကျေးရွာနေ ဓနုဖြူမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(က)မှ မဆုမြတ်ကုဋေ၏ ဖခင်အမည်မှန်မှာ ဦးတင်မျိုးလွင် ၁၄/ညတန(နိုင်)၁၁၂၀၀၂ ဖြစ်ပါသည်။ **ဦးတင်မျိုးလွင်**

**အမည်မှန်**

ကချင်ပြည်နယ်၊ မြို့လုံမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဇင်၏ အမည်မှန်မှာ မောင်ကိုကိုဇင် ၁/မလန(နိုင်) ၀၀၀၅၇၁ ဖြစ်ပါသည်။ **မောင်ကိုကိုဇင်**

**ဖခင်အမည်မှန်**

ရွှေဘိုမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(F)မှ မအင်ကြင်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းမင်း ၅/ရဘန(နိုင်)၀၆၅၉၃၁ ဖြစ်ပါကြောင်း။ **ဦးဆန်းမင်း**

**အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ် ၆ရပ်ကွက်ကြီး၊ ကြေးတိုင်စုရပ်နေ ဦးခင်မောင်သန်း၏သား ဦးအေးဘိုဘို၏ အမည်မှန်မှာ ဦးအေးအေးဘို ၅/ရဘန (နိုင်) ၀၂၈၄၉၃ ဖြစ်ပါကြောင်း။ **ဦးအေးအေးဘို**

**ဖခင်အမည်မှန်**

ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာ၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ဇင်ထက်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမော် ၅/ရဘန(နိုင်)၁၅၈၈၉၈ ဖြစ်ပါကြောင်း။ **ဦးဝင်းမော်**

**အမည်ပြောင်း**

ကသာမြို့နယ်၊ ပုလွေရွှေကျေးရွာနေ ဦးဆန်းမင်း၏သမီး အထက(၁) တက္ကသိုလ်ဝင်တန်းမှ မသွယ်တာငြိမ်းအား မဖြိုးသန္တာထက် ၅/ကသန(နိုင်) ၁၃၅၁၆၀ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဖြိုးသန္တာထက်**

**အမည်ပြောင်း**

ကသာမြို့နယ်၊ မင်းလယ်ကျေးရွာနေ ဦးသိန်းဟန်၏သမီး ထခွဲ မင်းလယ်ကျောင်းမှ ဒေါ်တင်တင်ထွေး(မူပြ)အား ဒေါ်နိုင်မာဝင်း ၅/ကသန(နိုင်) ၀၇၇၂၀၂ ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ဒေါ်နိုင်မာဝင်း**

**အမည်ပြောင်း**

ကသာမြို့နယ်၊ ညောင်ခြေထောက်ရွာနေ ဦးထွန်းရွှေ၏သား အလက ညောင်ခြေထောက်ကျောင်း အဋ္ဌမတန်းအောင်မှ မောင်လှမျိုးအား မောင်အောင်ဆန်းလင်း ၅/ကသန (နိုင်)၁၃၄၅၂၆ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်ဆန်းလင်း**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ
|ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ (၁)ရက် |

**ကြေညာချက်**

၁။ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်ခဲ့သော (၇) ကြိမ်မြောက် ၅၀၀ိ/-တန်အောင်ဘာလေသိန်းဆုဖွင့်ပွဲမှရရှိသည့် ဆုလက်မှတ်အပါအဝင် ဆုလက်မှတ်ပေါင်း(၁၁၆၅၆)ဆုကို ယနေ့တိုင် တောင်းခံခြင်းမရှိသေးပါ။

၂။ ဖော်ပြပါဆုရလက်မှတ်များကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်နေ့အထိ ရန်ကုန်မြို့ နှင့်မန္တလေးမြို့တို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများသို့ တင်ပြ၍ ဆုငွေများကို တောင်းခံနိုင်ပါသည်။

၃။ (၇)ကြိမ်မြောက် ကျပ် ၅၀၀ တန်ထီမှ ထုတ်ယူခြင်းမရှိသေးသော ဆုမဲစာရင်းအားလုံးကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအသီးသီးတွင်လည်းကောင်း၊ www.irdmyanmar.gov.mm website တွင်လည်းကောင်း ကြေညာထားပါသည်။

၄။ (၂၈. ၉. ၂၀၁၈)ရက်နေ့ထိ ထုတ်ယူခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူပါမည်။

(၇) ကြိမ်မြောက် ၅၀၀ ကျပ်တန် ဘဏ္ဍာသိမ်း

ကျပ်(၁၀၀,၀၀၀,၀၀၀ိ/-)ဆုများ
ဒ - ၈၃၄၁၈၅

ကျပ်(၅၀,၀၀၀,၀၀၀ိ/-)ဆုများ
ဓ - ၁၂၉၂၂၃

ကျပ်(၃၀,၀၀၀,၀၀၀ိ/-)
စ - ၂၈၄၃၈၇
ဒ - ၇၇၅၉၈၈

ကျပ်(၁၀,၀၀၀,၀၀၀ိ/-)
ကဂ - ၈၃၆၈၆၂
ဋ - ၄၂၇၄၇၁

ကျပ်(၅,၀၀၀,၀၀၀ိ/-)
မ - ၂၇၇၅၃၄
ကဆ - ၅၅၂၉၇၃
ကစ - ၁၂၃၃၃၇
ခ - ၉၀၅၅၁၅
ယ - ၄၆၁၂၁၁

ကျပ်(၃,၀၀၀,၀၀၀ိ/-)
ဓ - ၉၉၈၉၁၅
စ - ၆၅၅၄၄၆
ကစ - ၉၇၆၂၉၀
အ - ၁၀၄၁၈၄

ကျပ်(၁,၀၀၀,၀၀၀ိ/-)ဆုများ
ဂ - ၅၈၀၈၃၄
ရ - ၆၈၃၇၆၃
ကဃ - ၁၉၆၂၀၉
သ - ၃၅၄၀၈၁
လ - ၁၀၃၇၇၆
ဆ - ၄၄၁၉၅၁
ခ - ၆၈၅၅၃၇
ဆ - ၄၅၃၅၆၁
မ - ၁၃၀၅၀၈

ကျပ်(၃၀၀,၀၀၀ိ/-)ဆုများ

ဖ - ၉၃၀၇၂၆ ထ - ၁၁၂၉၂၄ လ - ၉၆၇၂၇၂ ခ - ၇၄၅၃၁၀ ခ - ၇၄၅၃၁၄ ခ - ၇၄၅၃၁၈ ခ - ၇၄၅၃၁၉
ထ - ၁၁၂၉၂၀ ထ - ၁၁၂၉၂၅

ကျပ်(၂၀၀,၀၀၀ိ/-)ဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဆ - ၄၉၀၁၀၈ | ဋ - ၈၀၇၃၁၆ | ပ - ၄၂၈၅၀၆ | မ - ၉၁၆၅၀၉ | မ - ၉၁၆၅၇၂ | ဟ - ၇၈၁၂၆၈ | ကစ - ၅၂၁၇၄၈ | ကဠ - ၉၆၁၅၂၃ |
| ဆ - ၄၉၀၁၃၄ | ဋ - ၈၀၇၃၁၇ | ပ - ၄၂၈၅၀၇ | မ - ၉၁၆၅၁၀ | မ - ၉၁၆၅၇၃ | ဟ - ၇၈၁၂၆၉ | ကစ - ၅၂၁၇၄၉ | ကဠ - ၉၆၁၅၂၄ |
| ဆ - ၄၉၀၁၅၉ | ဋ - ၈၀၇၃၁၈ | ပ - ၄၂၈၅၀၈ | မ - ၉၁၆၅၁၆ | မ - ၉၁၆၅၇၇ | ဟ - ၇၈၁၂၉၈ | ကည - ၇၀၆၂၀၇ | ကဠ - ၉၆၁၅၂၅ |
| ဆ - ၄၉၀၁၆၆ | ဋ - ၈၀၇၃၁၉ | ပ - ၄၂၈၅၀၉ | မ - ၉၁၆၅၁၇ | မ - ၉၁၆၅၇၈ | ကင - ၇၂၂၅၁၅ | ကည - ၇၀၆၂၁၃ | ကဠ - ၉၆၁၅၂၆ |
| ဆ - ၄၉၀၁၆၉ | ဋ - ၈၀၇၃၆၈ | ပ - ၄၂၈၅၁၆ | မ - ၉၁၆၅၂၁ | မ - ၉၁၆၅၈၂ | ကင - ၇၂၂၅၁၆ | ကည - ၇၀၆၂၁၄ | ကဠ - ၉၆၁၅၂၇ |
| ဆ - ၄၉၀၁၇၁ | ဋ - ၈၀၇၃၆၉ | ပ - ၄၂၈၅၂၀ | မ - ၉၁၆၅၂၅ | မ - ၉၁၆၅၈၄ | ကင - ၇၂၂၅၂၄ | ကည - ၇၀၆၂၁၆ | ကဠ - ၉၆၁၅၂၈ |
| ဆ - ၄၉၀၁၇၂ | ဋ - ၈၀၇၃၈၁ | ပ - ၄၂၈၅၂၅ | မ - ၉၁၆၅၂၆ | မ - ၉၁၆၅၈၆ | ကင - ၇၂၂၅၂၉ | ကည - ၇၀၆၂၁၇ | ကဠ - ၉၆၁၅၂၉ |
| ဆ - ၄၉၀၁၈၀ | ဋ - ၈၀၇၃၈၇ | ပ - ၄၂၈၅၂၆ | မ - ၉၁၆၅၃၀ | မ - ၉၁၆၅၈၇ | ကင - ၇၂၂၅၅၂ | ကည - ၇၀၆၂၃၃ | ကဠ - ၉၆၁၅၄၅ |
| ဆ - ၄၉၀၁၈၂ | ဋ - ၈၀၇၃၈၈ | ပ - ၄၂၈၅၂၈ | မ - ၉၁၆၅၃၄ | မ - ၉၁၆၅၈၈ | ကင - ၇၂၂၅၅၃ | ကည - ၇၀၆၂၃၅ | ကဠ - ၉၆၁၅၅၁ |
| ဆ - ၄၉၀၁၈၄ | ဋ - ၈၀၇၃၉၈ | ပ - ၄၂၈၅၃၅ | မ - ၉၁၆၅၄၀ | မ - ၉၁၆၅၈၉ | ကစ - ၅၂၁၇၀၀ | ကည - ၇၀၆၂၅၄ | ကဠ - ၉၆၁၅၅၄ |
| ဆ - ၄၉၀၁၈၈ | ဋ - ၈၀၇၃၉၉ | ပ - ၄၂၈၅၃၆ | မ - ၉၁၆၅၄၂ | ဟ - ၇၈၁၂၀၅ | ကစ - ၅၂၁၇၀၁ | ကည - ၇၀၆၂၅၈ | ကဠ - ၉၆၁၅၅၆ |
| ဆ - ၄၉၀၁၈၉ | ဍ - ၈၉၃၄၀၆ | ပ - ၄၂၈၅၃၇ | မ - ၉၁၆၅၄၃ | ဟ - ၇၈၁၂၁၀ | ကစ - ၅၂၁၇၀၂ | ကည - ၇၀၆၂၇၆ | ကဠ - ၉၆၁၅၆၀ |
| ဆ - ၄၉၀၁၉၄ | ဍ - ၈၉၃၄၅၅ | ပ - ၄၂၈၅၅၅ | မ - ၉၁၆၅၄၄ | ဟ - ၇၈၁၂၂၁ | ကစ - ၅၂၁၇၀၆ | ကည - ၇၀၆၂၈၁ | ကဠ - ၉၆၁၅၆၃ |
| ဆ - ၄၉၀၁၉၉ | ဍ - ၈၉၃၄၅၇ | ပ - ၄၂၈၅၅၆ | မ - ၉၁၆၅၄၅ | ဟ - ၇၈၁၂၂၂ | ကစ - ၅၂၁၇၁၂ | ကည - ၇၀၆၂၈၈ | ကဠ - ၉၆၁၅၆၉ |
| ဋ - ၈၀၇၃၀၂ | ဍ - ၈၉၃၄၆၂ | ပ - ၄၂၈၅၅၇ | မ - ၉၁၆၅၄၈ | ဟ - ၇၈၁၂၂၅ | ကစ - ၅၂၁၇၂၀ | ကည - ၇၀၆၂၉၃ | ကဠ - ၉၆၁၅၇၀ |
| ဋ - ၈၀၇၃၁၀ | ဍ - ၈၉၃၄၇၅ | ပ - ၄၂၈၅၇၁ | မ - ၉၁၆၅၅၄ | ဟ - ၇၈၁၂၂၈ | ကစ - ၅၂၁၇၂၆ | ကည - ၇၀၆၂၉၉ | ကဠ - ၉၆၁၅၇၁ |
| ဋ - ၈၀၇၃၁၁ | ဍ - ၈၉၃၄၉၁ | ပ - ၄၂၈၅၈၁ | မ - ၉၁၆၅၅၅ | ဟ - ၇၈၁၂၃၃ | ကစ - ၅၂၁၇၃၆ | ကဠ - ၉၆၁၅၁၁ | ကဠ - ၉၆၁၅၇၂ |
| ဋ - ၈၀၇၃၁၂ | ဍ - ၈၉၃၄၉၅ | ပ - ၄၂၈၅၉၁ | မ - ၉၁၆၅၅၈ | ဟ - ၇၈၁၂၆၅ | ကစ - ၅၂၁၇၄၅ | ကဠ - ၉၆၁၅၁၈ | ကဠ - ၉၆၁၅၇၃ |
| ဋ - ၈၀၇၃၁၃ | ဍ - ၈၉၃၄၉၆ | ပ - ၄၂၈၅၉၄ | မ - ၉၁၆၅၅၉ | ဟ - ၇၈၁၂၆၆ | ကစ - ၅၂၁၇၄၆ | ကဠ - ၉၆၁၅၂၀ | ကဠ - ၉၆၁၅၇၄ |
| ဋ - ၈၀၇၃၁၄ | ဍ - ၈၉၃၄၉၈ | မ - ၉၁၆၅၀၈ | မ - ၉၁၆၅၇၁ | ဟ - ၇၈၁၂၆၇ | ကစ - ၅၂၁၇၄၇ | ကဠ - ၉၆၁၅၂၂ | ကဠ - ၉၆၁၅၇၉ |
| ဋ - ၈၀၇၃၁၅ | ပ - ၄၂၈၅၀၅ | | | | | | |

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန**
**(တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့)**
**အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်ယူရေးဖိတ်ခေါ်ခြင်း**

၁။ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဈေးကောက်(၇)ခု၊ ကူးတို့ (၉)ခု၊ အခြား(၁၅)ခု၊ သားသတ်(၅)ခု၊ ပေါင်း (၃၆)ခု၏ အရပ်ရပ်အခွင့်အရေးလိုင်စင်များအား ၂၀၁၈ခုနှစ် အောက်တိုဘာ ၁ရက်မှ ၂၀၁၉ခုနှစ် စက်တင်ဘာ ၃၀ရက်အထိ ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် အညီအမျှခွဲဝေပေးခြင်း/ဈေးပြိုင်စနစ်ဖြင့်လေလံရောင်းချခြင်းအား အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူမြန်မာနိုင်ငံသားလုပ်ငန်းရှင်များသို့ စိတ်ဝင်စားမှု အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ရောင်းချမည့်အစီအစဉ် | ရောင်းချမည့်ရက်/အချိန် | မှတ်ပုံတင်ရမည့်ရက်/အချိန် |
|---|---|---|---|
| ၁။ | ပထမအကြိမ် | ၄-၉-၂၀၁၈နံနက် ၁၀း၀၀နာရီ | ၃-၉-၂၀၁၈ ညနေ ၁၆း၀၀နာရီ |
| ၂။ | ဒုတိယအကြိမ် | ၁၀-၉-၂၀၁၈နံနက် ၁၀း၀၀နာရီ | ၇-၉-၂၀၁၈ ညနေ ၁၆း၀၀နာရီ |
| ၃။ | တတိယအကြိမ် | ၁၃-၉-၂၀၁၈နံနက် ၁၀း၀၀နာရီ | ၁၂-၉-၂၀၁၈ ညနေ ၁၆း၀၀နာရီ |
| ၄။ | ချိပ်ပိတ်တင်ဒါ | ၁၈-၉-၂၀၁၈နံနက် ၁၀း၀၀နာရီ | ၁၇-၉-၂၀၁၈ ညနေ ၁၆း၀၀နာရီ |
| ၅။ | အခြားနည်း | ၂၁-၉-၂၀၁၈နံနက် ၁၀း၀၀နာရီ | ၂၀-၉-၂၀၁၈ ညနေ ၁၆း၀၀နာရီ |

၂။ စိတ်ဝင်စားမှု အဆိုပြုလွှာတင်သွင်းလိုသူများသည် အဆိုပြုလျှောက်လွှာတစ်စောင်လျှင် ၁၅၀၀၀ကျပ်နှုန်းဖြင့် တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ဖြစ်စေ ဖုန်း-၀၉-၄၂၆၈၀၂၅၆၆ သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်**
**အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကျင်းပမည်**

မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်၏ ပထမအကြိမ်အစည်းအဝေးနှင့် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၁၁ရက် နံနက် ၉း၀၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် Righ Track ဘိုးလင်းအားကစားရုံ၌ အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကျင်းပမည်ဖြစ်ရာ ဝင်ရောက်ရွေးချယ်ခံလိုသူများအနေဖြင့် ဘိုးလင်းအားကစားရုံသို့ ဆက်သွယ်နိုင်ပါသည်။

**ဖခင်အမည်မှန်**

နမ့်ခမ်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း (B)မှ မောင်အောင်ရဲ၏ ဖခင်အမည်မှန်မှာ ဦးမောင်ယီ ၁၃/မဆတ(နိုင်) ၀၃၄၉၄၇ ဖြစ်ပါကြောင်း။**ဦးမောင်ယီ**

**ဖခင်အမည်မှန်**

